မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၁၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ **ဓမ္မပဒ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ရှိမြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊

စာမျက်နှာ ၁၆ ကော်လံ ၃ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

ဝါးခယ်မမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၆၀၈၂ ဧက စိုက်ပျိုးပြီးစီး

စာ - ၃ သို့

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

စာ - ၂၄ သို့



အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်)

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း

မြန်မာနိုင်ငံရှိပြည်သူအများစုမှာ သူတစ်ပါးအခက်အခဲရှိလျှင် ရိုင်းပင်းကူညီတတ်သည့် စိတ်ထားရှိသူများဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးနှင့်ကြုံသည့်အခါတိုင်း ပြည်သူအများစုလှူဒါန်းငွေများမှာ လည်းအားရဖွယ်ကောင်းလှသည်။ ထိုအလှူငွေများဖြင့် သဘာဝဘေးကြုံတွေ့သူများကို ကယ်တင်စောင့်ရှောက်ပေးခြင်းမှာလည်း လူမှုကာကွယ်စောင့်ရှောက်ခြင်းဟုဆိုနိုင်သည်။ လူမှုကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများမှာ ဘာသာရေးအရလည်း လွန်စွာမွန်မြတ်သည့်လုပ်ဆောင်ချက်ဖြစ်သည်။ အားနည်းသူကိုဖေးကူခြင်း၊ ကိုယ်ချင်းစာနာစိတ်ဖြင့်ဆောင်ရွက်ခြင်းကြောင့် ကူညီစောင့်ရှောက်ခံရသူတို့စိတ်တွင် ဝမ်းသာပီတိဖြစ်ကြသည်မှာ အမှန်ပင်ဖြစ်သည်။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့်လုပ်ငန်းဖြစ်သည်။ ပြည်သူလူထုကို အမှန်တကယ်တိုက်ရိုက်အကျိုးပြုရန် ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်နိုင်ရေး ရေးဆွဲပြဋ္ဌာန်းထားသည့် "မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်(၂၀၁၄)"ကို ရေးဆွဲဆောင်ရွက်ခဲ့ရာ ယခုအခါ(၁၀)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် အပိုင်းနှစ်ပိုင်းရှိသည်။ ပထမပိုင်းအနေဖြင့် လုပ်ငန်းရှင်နှင့်အလုပ်သမားတို့က အချိုးကျထည့်ဝင်ပြီး နိုင်ငံတော်မှလည်း သင့်တင့်သည့်ထည့်ဝင်မှုများဖြင့်ဆောင်ရွက်သည့် လူမှုရေးအာမခံစနစ် (Social Insurance System)ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနအောက်ရှိ လူမှုဖူလုံရေးအဖွဲ့တို့ ဆောင်ရွက်လျက်ရှိသည်။ ဒုတိယပိုင်းအနေဖြင့် နိုင်ငံတော်မှမတည်ထည့်ဝင်ငွေနှင့် ပုဂ္ဂလိကစေတနာရှင်များက ထည့်ဝင်ငွေများဖြင့်ဆောင်ရွက်လျက်ရှိသည့် လူမှုရေးထောက်ပံ့မှုအစီအစဉ်(Social Assistance Scheme)တို့ဖြစ်သည်။ ဒုတိယပိုင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဖေဖော်ဝါရီလ ၂၄ ရက်တွင် ကျင်းပသည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး၌ အမှာစကားပြောကြားစဉ် **"လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ယခုအချိန်ကတည်းကပင် အစီအမံများချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်မှ ရရှိသည့်ရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် တိုးမြှင့်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန်အတွက် ယခုကတည်းကပင် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ အလားတူ အလုပ်ရှင်များအနေဖြင့်လည်း မိမိတို့ဝန်ထမ်းများအား ပုံစံအမျိုးမျိုးဖြင့် ထောက်ပံ့နိုင်ရေး မျှော်မှန်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများ သာမက နောင်တွင်နိုင်ငံတော်၏ငွေကြေးကဏ္ဍအပေါ်မူတည်၍ ထောက်ပံ့ရေးအစီအစဉ်များကို ဆွေးနွေးပေးကြစေလိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်ဆက်စပ်၍ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သည့်ကျင့်ထုံးများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်းဖလှယ်နိုင်ရေးရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာလူမှုဖူလုံရေးအသင်းနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအသင်းမှာ ၁၉၂၇ ခုနှစ် အောက်တိုဘာလ ၄ ရက်မှစ၍ နိုင်ငံပေါင်း ၁၆၃ နိုင်ငံမှ အသင်းအဖွဲ့အစည်းပေါင်း ၃၃၈ ဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အာဆီယံလူမှုဖူလုံရေးအသင်းကိုလည်း လူမှုဖူလုံရေးဆိုင်ရာကောင်းမွန်သည့်အတွေ့အကြုံများနှင့် အလေ့အကျင့်များမျှဝေနိုင်ရန်ရည်ရွယ်၍ သဘောတူညီချက်စာချွန်လွှာကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၀ ရက်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံမှ လူမှုဖူလုံရေးအဖွဲ့အစည်းအခု ၂၀ ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်ဖြစ်သည့် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့သည့် လူမှုရေးပင်စင်အစီအစဉ်နှင့်ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသည့်အသက်နှစ်နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်တို့မှ အကျိုးခံစားခွင့်ရှိသူများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့်ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အသက်နှစ်နှစ်အောက်ကလေးငယ်အား လုံး ဥဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှမကျန်စေရေးကိုလည်း တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်ပေးရာတွင် အကျိုးခံစားခွင့်(၉)ရပ်ရှိသည်။ ယင်းတို့မှာ "ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ နာမကျန်းအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ သက်ကြီးအကျိုးခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်၊ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ ကျန်ရစ်သူမိသားစုအကျိုးခံစားခွင့်နှင့် ပြင်းထန်စွာထိခိုက်ဒဏ်ရာရသူများအကျိုးခံစားခွင့်" တို့ဖြစ်သည်။ နိုင်ငံတိုင်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများရှိပေရာ မြန်မာနိုင်ငံတွင်လည်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို တာဝန်ရှိ၍လုပ်ဆောင်ခြင်းအပြင် မေတ္တာနှင့်စေတနာအပြည့်ထား၍ဆောင်ရွက်နေခြင်းဖြစ်၍ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ပါစေကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့်တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခု ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရ ငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

ထားဝယ်မြို့နယ်၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ထားဝယ် ဖေဖော်ဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေချောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီလ ၂၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သာသာရည်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် သပြေချောင်းကျေးရွာ၌ ကျေးရွာသူ၊ ကျေးရွာသားများသောက်သုံးရေရရှိရေးအတွက် အကျယ် ၆ ပေ၊ အနက် ပေ ၂၀ ရှိသော လက်တူးတွင်းတစ်တွင်းနှင့် အကျယ် ၅ ပေ၊ အနက် ၇ ပေရှိသော လက်တူးတွင်းတစ်တွင်း တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များအား လက်တူးတွင်းနှင့် ဆက်စပ်လုပ်ငန်းများကို ရေရှည်တည်တံ့အောင်ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၇၅ သိန်းဖြင့် ဌာနမှတာဝန်ယူ၍ ၂၀၂၄ ခုနှစ် ဇွန်လ ၅ ရက်မှစတင်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အိပိုးပိုး

သဇင် (FM)အသံလွှင့်အစီအစဉ်

၂၇-၂-၂၀၂၅(ကြာသပတေးနေ့)

၁။	၀၆:၃၀	ခံစားနားဆင် မြန်မာသံစဉ်	၄။	၁၇:၀၀	အနုပညာခရီးလမ်း
၂။	၁၀:၀၀	Internet Pages	၅။	၁၈:၂၀	Thazin Request Song
၃။	၁၄:၃၀	Live For You	၆။	၂၁:၂၀	လွမ်းသဝဏ်လွှာ

မြဝတီ ခုနှစ်၉ Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ၊ နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၉၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၇၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

ဝါးခယ်မမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၆၀၈၂ ဧက စိုက်ပျိုးပြီးစီး



ဝါးခယ်မ ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၆၀၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောပြချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၆၇၅၈ ဧကလျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ဆီထွက်သီးနှံနေကြာ ၆၀၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စိုက်ပျိုးရန်ကျန်သည့် နေကြာများကို ဆက်လက်စိုက်ပျိုးနေကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ်အတွင်းမှာ ဒီနှစ် နေကြာ ၆၇၅၈ ဧက လျာထားစိုက်ပျိုးနေပါတယ်။ အခုချိန်ထိ ၆၀၈၂ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ နေကြာတွေ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးနေပါတယ်။ နေကြာက မြေအမျိုးအစားပေါ်မူတည်ပြီး အထွက်နှုန်းတွေ မတူညီတဲ့ အခြေအနေတွေရှိပါတယ်။ ဒါကြောင့် အထွက်နှုန်းနည်းတဲ့မြေယာတွေကို တစ်မြို့နယ်လုံးအနေနဲ့အထွက်တိုးအောင် ခရိုင်နဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေပူးပေါင်းဆောင်ရွက်နေပါတယ်'' ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ ဆီထွက်သီးနှံနေကြာ အပါအဝင် ဆောင်းသီးနှံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန်နှင့် ရိတ်သိမ်းနိုင်ရန်အတွက် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သူများအားလုံးအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မျှော်တွေးလျက် နိုင်ငံအတွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဆီထွက်သီးနှံအများဆုံး စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရေး စိုက်ပျိုးဆောင်ရွက်ကြရန် လိုကြောင်း သိရသည်။

ကျော်ကျော်လင်း

စဉ့်ကိုင်မြို့နယ် ကျွန်းဦးကျေးရွာ၌ မီးခိုးမြှုပ်နွေနှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

စဉ့်ကိုင် ဖေဖော်ဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျွန်းဦးကျေးရွာ၌ မီးခိုးမြှုပ်နွေနှင့်လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး မှူး ဒေါ်ခင်မိမိအောင်က ကျေးရွာနေသို့ တက်ရောက်လာသည့် ကျေးရွာရပ်မိဘများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မီးခိုးမြှုပ်နွေနှင့်လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာဆွေးနွေးဟောပြောသည့်အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျွန်းဦးကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားရေးအတွက် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း စသည့်ဝင်ငွေတိုးလုပ်ငန်းများကို လည်ပတ်လုပ်ကိုင်လျက်ရှိပြီး ယခုနှစ်တွင် ဒသမအကြိမ်မြောက် စီမံကိန်းလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

ရွှေဘိုမြို့ရှိ မဟာနန္ဒာကန်တော် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ရွှေဘို ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှကြီးမှူး၍ ရွှေဘိုခရိုင် ရွှေဘိုမြို့ရှိ မဟာနန္ဒာကန်တော်သာယာလှပရေး၊ သောက်သုံးရေနှင့်စိုက်ပျိုးရေးများပိုမို သိလှောင်ထားရှိနိုင်ရေးတို့အတွက် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ မဟာနန္ဒာကန်တော်တွင် သဲနုန်းများ တူးဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် ကန်အတွင်း၌ ယခင်ကထက် ရေဂါလန်ပေါင်း ၁၀ သန်းခန့် ပိုမိုသိုလှောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုကန်တော်အတွင်းသို့ ရေစီးဝင်မှုအနေဖြင့် သဖန်းဆိပ်ဆည်မှရေကို ကင်းတပ်ရေလွှဲဆည်မှတစ်ဆင့် လက်ဝဲတူးမြောင်းသို့စီးဆင်းစေပြီး ထိုမှတစ်ဆင့် မဟာနန္ဒာကန်တော်အတွင်းသို့ စီးဝင်စေလျက်ရှိကြောင်း သိရသည်။

"အဲဒီ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေနဲ့ ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ခဲ့တဲ့ ရက်ပေါင်း ၅၀ ကျော်အတွင်းမှာ သဲနုန်းကျင်းပေါင်း ၁၆၀၀၀ ကျော်ကို တူးဖော်နိုင်ခဲ့ပါတယ်"ဟု ရွှေဘိုခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရွှေဘိုမြို့ရှိ မဟာနန္ဒာကန်တော်၏ ကန်ရေအပြည့်ရေလှောင်ပမာဏမှာ ရေဂါလန်သိန်းပေါင်း ၂၉၀၀ ခန့်အထိ သိုလှောင်ထားနိုင်ပြီး ရွှေဘိုမြို့သို့ နေ့စဉ်သောက်သုံးရေဂါလန်ပေါင်း ၂၂ သိန်းခန့် ဖြန့်ဝေပေးလျက်ရှိသည့်အပြင် စိုက်ပျိုးရေများကိုလည်း ဖြန့်ဝေပေးကြောင်း သိရသည်။

အဆိုပါ မဟာနန္ဒာကန်တော်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ်က တစ်ကြိမ်ဆောင်ရွက်ခဲ့ပြီး ယခုတစ်ခါ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ထပ်မံဆောင်ရွက်လိုက်ခြင်းကြောင့် ရေဂါလန် ၁၀ သန်းခန့် ပိုမိုသိုလှောင်ထားနိုင်မည်ဖြစ်ကာ သောက်သုံးရေနှင့် စိုက်ပျိုးရေများကို ယခင်ကထက် ပိုမိုလုံလောက်စွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး



တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

ဤအကြောင်းကိုသိလျှင် ကိုယ့်ကိုယ် ကိုယ် ပြုပြင်ယူနိုင်သည်မဟုတ်ပါလော ဟု မေးဖွယ်ရာရှိ၏။ မဖြစ်နိုင်ဟု ကျွန်ုပ်က အဖြေပေးလိုသည်။ ဥပမာ ဆေးရည်မစိမ်ခဲ့ရသော သားရေစိမ်းသည် ဘယ်တော့မှ နူးနူးနပ်နပ်မရှိဘဲ ကြွပ်ဆတ်ဆတ်ဖြစ်ရမည်ကဲ့သို့ပင်။ ကောလိပ်ကျောင်း၏ အဆောက်အအုံသည်လည်းကောင်း၊ မြက်ခင်းနှင့်တကွ မြေယာကွက်လပ်များသည်လည်းကောင်း၊ ဆရာများ၏အမူအရာသည်လည်းကောင်း၊ အောက်တန်းကျောင်းသားများထက် (အနည်းနှင့်အများ) သပ်သပ်ရပ်ရပ်ရှိသူအချင်းချင်း ဆက်ဆံကြရခြင်းသည်လည်းကောင်း၊ မိမိတို့တစ်တွေသည် သာမန်အရပ်သားများထက် သာသည်ဟူသောစိတ်ထားမျိုး အခါခပ်သိမ်း ရှိနေကြခြင်းသည်လည်းကောင်း ငယ်ရွယ်သူများအဖို့ရာ၌ စိတ်ကြီးဝင်ခြင်း (ကောင်းသောအဓိပ္ပာယ်နှင့် သုံးသည်) ဖြစ်စေနိုင်သည်ဟု ကျွန်ုပ် ယုံကြည်သည်။ (ဤခေတ်တက္ကသိုလ်ကျောင်းသား၊ကျောင်းသူများသည် 'သောကော ရောကော' ဖြစ်နေသောကြောင့် ဦးထွန်းရှိန်နှင့် ဦးကွန်းကဲ့သို့သော ရှေး ရန်ကုန်ကောလိပ်ကျောင်းသားများလို ဤကိစ္စတွင် မမီတော့ဘဲ ရှိချင်ရှိမည်။ သို့ရာတွင် သာမန်အရပ်သူ၊ အရပ်သားများထက်မူကား သာလျက်ပင်ရှိသည်ကို ကျွန်ုပ်တွေ့ရသည်။) ကျွန်ုပ်အဖို့ရာ၌ ဤချို့ငဲ့ချက်ကြောင့် 'ဦးခေါင်းလျှိုး' ချင်သောစိတ်ဓာတ် (Inferiority Complex) ဝင်လာသည်ဟု ဆိုလိုပါသည်။ ဦးခေါင်းမလျှိုးဘဲ ဦးခေါင်းထောင်ခြင်းသည် ဟန်ကြီးပန်ကြီးလုပ်ခြင်းနှင့် မရောထွေးစေဖို့ သတိပြုစေလိုသည်။ ဟန်ကြီးပန်ကြီးလုပ်ခြင်းသည် မကောင်း။ ဦးခေါင်းထောင်ခြင်းသည် ကောင်းသည်ဟု ဆိုလိုပါသည်။

သာဓုခေါ်ရခြင်း

ထိုညတွင်မှ ကျွန်ုပ်သည် မည်သည့်နည်းနှင့်မျှ ပြန်၍မရနိုင်တော့သည့် အခွင့်အရေးဆုံးရှုံးမှုကို လှိုက်လှဲစွာနမြောမိပါတော့သည်။ သို့သော် ကောလိပ်ကျောင်းမနေနိုင်ခြင်းမှာ ကျွန်ုပ်၏အပြစ်မဟုတ်။ အတိတ်ကံ၏ညှဉ်ဖျင်းမှုဖြစ်သည်ဟု ဆုံးဖြတ်လိုက်သဖြင့် ဝမ်းနည်းလောက်အောင်မရှိပါ။ အတိတ်ကံကိုချုပြီး ဝမ်းနည်းခြင်းသည် ကျွန်ုပ်၏ဝါသနာမဟုတ်ပါ။ ထို့ကြောင့်လည်း ကျွန်ုပ်သည် တခြားလူများထက် လူလားမြောက်ကတည်းက စိတ်ဆင်းရဲမှုနည်းခဲ့ပါသည်။ တွေးပြီးဆွေးခြင်းဟူ၍ အလွန်နည်းခြင်းကို ဆိုလိုပါသည်။ ထိုစဉ်က ကျွန်ုပ်သည် ဒုတိယအိမ်ထောင်နှင့် သားလေးတစ်ယောက်ရခဲ့ပြီဖြစ်ရာ ၎င်းကို မည်သည့်နည်းနှင့်မဆို တက္ကသိုလ်သို့ ပို့ဖြစ်အောင်ပို့ပြီး ၎င်း၏တိုးတက်မှုများကို စောင့်ကြည့်လေ့လာမည်ဟူ၍ပင် ဆုံးဖြတ်ခဲ့၏။ သို့ရာတွင် ကျွန်ုပ်၏အိမ်ထောင်ရေးအဆင်မပြေမှုကြောင့် သားလေးမှာ ၁၀ တန်းနှင့် အလုပ်လုပ်ရပြီး (၁၉၅၆ ခုနှစ် ဖဆပလအစိုးရက ကျွန်ုပ်အား ထောင်ထဲပို့ထားစဉ်) ဘဝဇာတ်သိမ်းသွားရှာလေပြီ။ ဤခေတ်၌ တက္ကသိုလ်တွင် လေးနှစ်မျှနေခွင့်ရကြသော ကျောင်းသား၊ ကျောင်းသူများသည် (အတန်းအောင်သည်ဖြစ်စေ၊ မအောင်သည်ဖြစ်စေ) ကျွန်ုပ်တို့သားအဖထက် ကံထူးချွန်ကြပါပေသည်ဟု သာဓုခေါ်လိုက်ရပါသည်။

ကျွန်ုပ်၏အားကိုး

ဦးထွန်းရှိန်နှင့်မတွေ့မီ အထက်ပါအကြောင်းများကို မစဉ်းစားရသေးသော အခါကမူကား ငါကြိုးစားလျှင် သာနိုင်သည်။ အနည်းဆုံးတူနိုင်သည်။ ငါ၌ သူတစ်ပါးထက်မည့်သော ဉာဏ်ရှိသည်စသည်ဖြင့် အထင်ရောက်ခဲ့၏။ ချားလ်စ်ဒစ်ကင်း၏မျှော်တလင့်လင့် (Great Expectations) ဝတ္ထုကြီး၌ ပစ်ပ်သည် ပန်းပဲသမားလင်မယားနှင့် ကြီးပြင်းခဲ့ရ၍ ခပ်ငယ်ငယ်ကပင် ပညာသင်ပေးပြီး (Gentleman) လူကုံထံအတန်းအစားဖြစ်အောင် သွန်သင်ပေးခဲ့ရာ အထိုက်အလျောက် ထမြောက်အောင်မြင်ခဲ့ပါ၏။ သို့သော် ငယ်ရွယ်နုနယ်စဉ်ကတည်းက သွန်သင်ပေးခြင်းဖြစ်လျက်နှင့်လည်း တက္ကသိုလ်ကျောင်းထွက်တစ်ယောက်ကို မမီနိုင်ကြောင်း တွေ့ရသည်။ တက္ကသိုလ်ကျောင်းကြီးများသည် လူငယ်များ၏အမူအရာနှင့် စိတ်နေသဘောထားကို ပြုပြင်ခွင့်အများဆုံးရသော ဌာနကြီးများဖြစ်ကြသည့် အလျောက် (Good Breeding)၏ တန်ဖိုးကို နားလည်အောင်လုပ်ကြပြီးလျှင် ကျောင်းသား၊ ကျောင်းသူတို့အား ကိုယ်စီကိုယ်င အများဆုံးခံယူရရှိကြဖို့ တိုက်တွန်းလိုက်ရသည်။ ကျွန်ုပ်အဖို့ရာ၌မူကား အထက်ပါနည်းအတိုင်း သဘောပေါက်လာသဖြင့် မိမိနှင့်မဆိုင်ကြောင်း နားလည်သောအချိန်မှစ၍ လူမှုဆက်ဆံရေးဆိုင်ရာတွင် ပြောင်မြောက်ဖို့မကြိုးစားတော့ဘဲ စိတ်ကူးဉာဏ်နှင့်ကလောင်ကိုသာ အားကိုးရပါတော့သည်။

"ထိုညတွင်မှ ကျွန်ုပ်သည် မည်သည့်နည်းနှင့်မျှ ပြန်၍ မရနိုင်တော့သည့် အခွင့်အရေးဆုံးရှုံးမှုကို လှိုက်လှဲစွာနမြော မိပါတော့သည်။ သို့သော် ကောလိပ်ကျောင်းမနေနိုင်ခြင်းမှာ ကျွန်ုပ်၏အပြစ်မဟုတ်။ အတိတ်ကံ၏ညှဉ်ဖျင်းမှုဖြစ်သည်ဟု ဆုံးဖြတ်လိုက်သဖြင့် ဝမ်းနည်းလောက်အောင်မရှိပါ။ အတိတ်ကံကိုချုပြီး ဝမ်းနည်းခြင်းသည် ကျွန်ုပ်၏ဝါသနာမဟုတ်ပါ။ ထို့ကြောင့်လည်း ကျွန်ုပ်သည် တခြားလူများထက် လူလားမြောက်ကတည်းက စိတ်ဆင်းရဲမှုနည်းခဲ့ပါသည်။ တွေးပြီးဆွေးခြင်းဟူ၍ အလွန်နည်းခြင်းကိုဆိုလိုပါသည်. . ."

နှမတစ်ယောက်အကြောင်း

ဤနေရာ၌ ကျွန်ုပ်၏ မွေးချင်းပေါက်ဖော်များအကြောင်းကို ညှပ်၍ဖော်ပြရပေဦးမည်။ မောင်နှမရစ်ယောက်မွေးသည့် အနက် ငါးယောက်မှာ ငယ်စဉ်ကပင် သေဆုံးကြ၍ နှမတစ်ယောက်နှင့် ညီတစ်ယောက်မျှသာ ကြီးပြင်းအောင် အသက်ရှင်ကြ၏။ ကျွန်ုပ်၏မှတ်တမ်းအစလောက်၌ နှမလေးအား အလွန်ကြင်နာ၍ သူ့အတွက်ကြောင့်ပင် မိခင်၊ ဖခင်များအပေါ်တွင် အပြစ်တင်ချင်သောစိတ်မျိုး ဖြစ်ပေါ်ခဲ့ဖူးကြောင်း ရေးသားဖော်ပြခဲ့ဖူးခွင့်ရခြင်းကဲ့သို့ လူနှင့်လူချင်းခင်မင်မှုဖြစ်စေသောအခြင်းအရာသည် ခပ်ရှားရှားရှိလိမ့်မည်ထင်၏။ (သံယောဇဉ်တရား၏ကောင်းခြင်း၊ ဆိုးခြင်းကို အပထား၍) မကြာခဏ တိုင်ပင်ဆွေးနွေးခွင့်ရသူ အချင်းချင်းကို ခဏခဏသတိရတတ်ခြင်းမှာ ကိုယ်တွေ့ဖြစ်ကြလိမ့်မည်ထင်ပေရာ ခဏခဏ သတိရတတ်ခြင်းသည်ပင် ခင်မင်ခြင်းကို ဖြစ်စေနိုင်ပေသည်။ ကျွန်ုပ်တင်ပြလိုခြင်းမှာ ကျွန်ုပ်တို့မောင်နှမသည် တစ်အိမ်တည်းတွင် အတူတကွနေကြသော်လည်း (အထက်ပါမြန်မာထုံးစံကြောင့်) ကြီးပြင်းလာကြလေလေ ခင်မင်မှုလျော့ပါးလေလေ ဖြစ်လာကြလေသည်။

သဘောကွဲလွဲမှု၊ သဘောတူညီမှုဟူ၍ ရှိသည်မဟုတ်။ အလိုအလျောက် ခပ်အေးအေးဖြစ်လာကြခြင်းဖြစ်ပါသည်။ ကျွန်ုပ် ပထမအိမ်ထောင်ပြုသောအချိန်၌ မိဘများမှာ စီးပွားရေးအခြေပိုင်လျက်ရှိ၍ နှမလေးသည် အပျိုအရွယ်လေးဖြစ်နေပါလျက် ကျွန်ုပ်သည် ဝတ်ချင်၊ စားချင်၊ လှပချင်တတ်သော နှမလေးအား မထောက်ထားဘဲ 'ဖိုးကျန်ရစ်' ဟု လူအများကခေါ်ကြမည့် အရေးတစ်ခုတည်းကိုသာ အရေးတကြီးဂရုစိုက်ကာ အပြေးအလွှားအိမ်ထောင်ပြုလိုက်ခြင်းမှာ ကျွန်ုပ်အဖို့ 'အမည်းကွက်' တစ်ခု ဖြစ်သည်ဟု ကြိမ်ဖန်များစွာ သတိရပါသည်။ အကယ်၍ ငယ်စဉ်က ကြင်နာခဲ့သည့်အတိုင်း သဘောထားနိုင်ခဲ့ပါမူ ယုတ်စွအဆုံး နှမလေး အိမ်ထောင်ကျသည့်တိုင်အောင် ဖြစ်စေ၊ မိဘများ၏စီးပွားရေးအခြေအနေ မတ်လာသည့်တိုင်အောင်ဖြစ်စေ စောင့်ဆိုင်းလိမ့်မည်ဟု ယုံကြည်ပါသည်။ ဤနေရာ၌ နှမလေးအား မိဘများ၏ရှေ့မှာထား၍ ရေးသားရခြင်းမှာ ကျွန်ုပ် အိမ်ထောင်ပြုသောအချိန်၌ နှမလေးသည် ဆေးပြင်းလိပ်ထောင်ခြင်းအားဖြင့် မိဘများ၏တာဝန်ကို ရွက်ခဲ့ရသောကြောင့် ဖြစ်ပါသည်။ နှမလေးမှာ ၁၉၂၉ ခုနှစ် (၃ဖ နှစ်အရွယ်)တွင်ကွယ်လွန်၍ သားသမီးခြောက်ယောက်ကျန်ရစ်ခဲ့သည်။

ဆက်လက်ဖော်ပြပါမည်။

ငါးလုပ်ငန်းစခန်း(သထုံ)သို့ မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများလာရောက်လေ့လာ



သထုံ ဖေဖော်ဝါရီ ၂၆

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစခန်း (သထုံ) သို့ ဖေဖော်ဝါရီလ ၂၅ ရက်က မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာကြောင်း သိရသည်။

ရှေးဦးစွာ ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်နိုင်ဝင်းက ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်နေမှု၊ ငါးလုပ်ငန်းစခန်း(သထုံ)၏ ငါးသားပေါက်ထုတ်လုပ်ဖြန့်ဖြူးနေမှုနှင့် ငါးလုပ်ငန်းသင်တန်းများဖွင့်လှစ်မှုတို့ကို မိတ်ဆက်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာညီညီထွန်းက ကျေးဇူးတင်စကားပြောကြား၍ အမှတ်တရလက်ဆောင်များပေးအပ်သည်။

ယင်းနောက် လာရောက်လေ့လာကြသူတို့အား သထုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းနှင့် ငါးလုပ်ငန်းစခန်း(သထုံ) တာဝန်ခံဦးဝင်းဗိုလ်တို့က ငါးအမျိုးအစားများနှင့် ငါးဆေးထိုးသားဖောက်ခြင်း၊ ငါးသားပေါက်ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ငါးသားပေါက်ပြုစုခြင်း၊ ငါးမွေးမြူရေးကန်များ ပြုပြင်ထိန်းသိမ်းခြင်း စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ငါးသားဖောက်မွေးမြူခြင်းလုပ်ငန်းစဉ်အား လက်တွေ့ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

မြန်မာနိုင်ငံရဲမူထမ်းဟောင်းများအဖွဲ့ (၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၆



မြန်မာနိုင်ငံရဲမူထမ်းဟောင်းများအဖွဲ့ (၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရဲမူထမ်းဟောင်းများအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ (၃)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ဗဟိုဌာနချုပ်ရုံးကိုစတင်ဖွင့်လှစ်၍ အဖွဲ့ဝင်များအင်အားတိုးတက်ခိုင်မာလာစေရေးအတွက် စည်းရုံးရေး၊ ဖွဲ့စည်းရေး၊ရန်ပုံငွေတိုးတက်ရေးအစရှိသည့် လုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့်ပေါင်းစပ်ပြီး တိုင်းဒေသကြီး/ပြည်နယ် စည်းရုံးရေးကော်မတီ၊ မြို့နယ်စည်းရုံးရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ ၃ နှစ်တာကာလအတွင်း မြို့နယ်ရဲမူထမ်းဟောင်းအဖွဲ့များနှင့် တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များကို တိုးတက်ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ကြောင်းတွေ့ရှိရပြီး ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့်လည်း မြို့နယ်ရဲမူထမ်းဟောင်းများအဖွဲ့ဝင်များအတွက် သာရေး/နာရေး၊ လူမှုရေးဆိုင်ရာကိစ္စများတွင်ကူညီထောက်ပံ့နိုင်ရန်အတွက် ရန်ပုံငွေများပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း ရန်ပုံငွေများထည့်ဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗဟိုအမှုဆောင်အဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ရဲမူထမ်းအငြိမ်းစားသေဆုံးသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ရဲမူထမ်းဟောင်းအဖွဲ့ဝင်များ၏ သား/သမီးများနှင့် ရဲမူထမ်းဟောင်းအဖွဲ့ဝင်များ၏ လူမှုရေး၊ ကျန်းမာရေး၊ပညာရေးများအပေါ် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ရဲမူထမ်းဟောင်းများအဖွဲ့၏ ရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် အဖွဲ့ဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ပြည်တွင်းလုံခြုံရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊မှုခင်းကျဆင်းရေးဆောင်ရွက်သည့်အပိုင်းတွင် တတ်စွမ်းနိုင်သမျှ မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပါဝင်ကူညီပေးခြင်းဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်သွားကြရန် တိုက်တွန်းအမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရဲမူထမ်းဟောင်းကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကာ မြန်မာနိုင်ငံရဲမူထမ်းဟောင်းများအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက သုံးနှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်ချမှတ်ထားရှိမှုတို့ကို ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

မြန်မာနိုင်ငံ ရဲမူထမ်းဟောင်းအဖွဲ့ (၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်ကျော်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများ၊ မြန်မာနိုင်ငံရဲမူထမ်းဟောင်းများအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြန်မာနိုင်ငံ ရဲမူထမ်းဟောင်းများအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၇)သင်တန်းဆင်း



ရန်ကုန် ဖေဖော်ဝါရီ ၂၆

စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ် (၉၇)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုရရှိသည့် သင်တန်းသားအမှတ်-၈၁၊ ဦးလုံးလေ၁၊ ဦးစီးမှူး၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သင်တန်းသူစံပြဆုရရှိသည့် သင်တန်းသူအမှတ်-၄၁၊ ဒေါ်ဇင်မာဝေ၊ ဌာနခွဲစာရေး၊ နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ကိုလည်းကောင်း၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၂၈ ဦး၊ သင်တန်းသူ ၆၄ ဦး၊ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဒီဇင်ဘာလ ၁၆ ရက်မှ ဖေဖော်ဝါရီလ ၂၆ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

ထားဝယ်မြို့၌ အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

ထားဝယ် ဖေဖော်ဝါရီ ၂၆


တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၅ ရက်က ထားဝယ်မြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က နိုင်ငံတော်အစိုးရအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ၊ ရည်မှန်းချက်များချမှတ်ကာ ခေတ်ကာလနှင့်လျော်ညီသည့် လုပ်ငန်းစီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆပ်ကော်မတီရုစ်ခု ဖွဲ့စည်းထားပြီး တိုင်းဒေသကြီးအတွင်း အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့်ပြန်လည် ကုစားရေးလုပ်ငန်း ဆပ်ကော်မတီကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်(၂၀၂၄-၂၀၂၈ ခုနှစ်အထိ) ငါးနှစ်တာကာလချမှတ်ပြီး လုပ်ငန်းစီမံချက်ပါ လျာထားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်များသည် နိုင်ငံတော်၏အနာဂတ်ဖြစ်သည့်အတွက် ကလေးသူငယ်အားလုံး တန်းတူဖွံ့ဖြိုးတိုးတက်စေရန် ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အထူးသဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများပပျောက်စေရန်နှင့် ထိရောက်စွာ တားဆီးကာကွယ်ရန်အတွက် ဌာန/အဖွဲ့အစည်းများအနေဖြင့် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် သင်တန်းသားများနှင့် လူမှုရေးအဖွဲ့များအား အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့်ပြန်လည်ကုစားရေးဆိုင်ရာနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

ချမ်းမြေ့

အလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်



ဟိုပုံးမြို့နယ်၌ မြန်မာ့ရိုးရာမုန့်လုပ်ပြိုင်ပွဲယှဉ်ပြိုင်ကျင်းပ

ဟိုပုံး ဖေဖော်ဝါရီ ၂၆



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မြန်မာ့ရိုးရာမုန့်လုပ်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၂၅ ရက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ရွှေကြည်ဆန္ဒင်းမကင်းမုန့်ပြုလုပ်နည်းကို အဖွဲ့ပေါင်းငါးဖွဲ့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်လှသိန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြတ်ခင်မော်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမြတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမြတ်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

ဟိုပုံးမြို့နယ်၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ Cookie၊ နံကထိုင်၊ လျှာပေါ်ဝဲ၊ Cheese Cake၊ Roll Cake၊ Vaniella Cake၊ Pizza၊ ပေါင်မုန့်အမျိုးမျိုး၊ ပူတင်း၊ ရေခဲမုန့်ပြုလုပ်ခြင်းအပြင် မြန်မာမုန့်များဖြစ်သည့် ကျောက်ကျော်၊ ရွှေကြည်မုန့်၊ ဆန္ဒင်းမကင်းအမျိုးမျိုး ပြုလုပ်နည်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဖွင့်လှစ်ပေးခြင်းဖြင့် ကျေးလက်နှင့်မြို့ပြနေပြည်သူများ ကိုယ်ပိုင်လုပ်ငန်းထူထောင်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိလာခြင်း စသောအကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည့်အပြင် အသေးစား ကုန်ထုတ်လုပ်ငန်းရှင်များ ပေါ်ထွန်းလာပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။ (၄၀၅)

မြိတ်မြို့နယ် ကန်သာယာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုစစ်ဆေး

မြိတ် ဖေဖော်ဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကန်သာယာကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village) ပံ့ပိုးဌေဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ကန်သာယာကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိသော ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မြိတ်မြို့နယ် ကန်သာယာကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village) ပံ့ပိုးဌေဖြင့် ငွေကျပ် ၁၉ ဒသမ ၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကိုနိုင်(ကျေးလက်)

တောင်ကိုရီးယားနိုင်ငံ၌ကျင်းပမည့် Smart Farm Korea 2025 ပြပွဲသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန်ဖိတ်ခေါ်ထား

ရန်ကုန် ဖေဖော်ဝါရီ ၂၆

တောင်ကိုရီးယားနိုင်ငံ၌ မေလတွင် ကျင်းပမည့် Smart Farm Korea 2025 (SFKOREA 2025)ပြပွဲသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန် သက်ဆိုင်ရာမှ ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

အဆိုပါ Smart Farm Korea 2025 (SFKOREA 2025) ပြပွဲကို ကိုရီးယားသမ္မတနိုင်ငံ Gyeongsangnam-do ပြည်နယ် Changwon မြို့ရှိ Changwon Convention Center (CECO) ၌ မေလ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ တောင်ကိုရီးယားနိုင်ငံထုတ် Smart Farming ဆိုင်ရာ နည်းပညာနှင့်ကုန်စည်များ ဝယ်ယူလိုသည့် မြန်မာလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန် ဖိတ်ကြားထားခြင်းဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ Smart Farming အတွက် လိုအပ်သော နည်းပညာအမျိုးမျိုးကို မိတ်ဆက်ပေးရန်နှင့် အနာဂတ် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်နိုင်မည့် လယ်သမားများကို အကူအညီပေးရန် ပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း၊ ထိုပြပွဲသို့ ကုမ္ပဏီပေါင်း ၁၂၀ ခန့်မှ ပြခန်း ၄၀၀ ကျော်ဖြင့် ပါဝင်ပြသမည်ဖြစ်ပြီး ဧည့်သည်ပေါင်း ၂၀၀၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ Buyer သို့မဟုတ် Speaker အဖြစ် တက်ရောက်ရန် စိတ်ဝင်စားပါက Buyer Registration Form တွင် အချက်အလက်များဖြည့်သွင်း၍ မိမိတို့၏ Business Card နှင့်အတူ ဧပြီလ ၂၅ ရက်နောက်ဆုံးထား၍ Smart Farm Korea (SFKOREA) Secretariat ၏ E-mail: yeon0225 @jmfair.com သို့ ပေးပို့ရမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ပါဝင်တက်ရောက်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇-၄၀၈၆၂၂ နှင့် E-mail: event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **ဆောင်းဦး**

ရွှေဟောင်းသမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၆၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရွှေဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၆၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခြင်းအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ ညနေ ၄ နာရီတွင် အဆိုပါစေတီတော်ရင်ပြင်ရှိ ဘုရားသုံးဆူတန်ဆောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး မရမ်းကုန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ရွှေဟောင်းသမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပဒုကဓရ ဘဒ္ဒန္တဝိရောစနထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကိုနာယူကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင်သံဃာ့တော်များအား မရမ်းကုန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပဒုကဓရ ဘဒ္ဒန္တဝိရောစနထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် မြတ်စွာဘုရားရှင်အား အမှူးပြုသည့် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၁၅၅ ပါးတို့အား ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။ **နေကိုထိုက်**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁)	ဒေါက်တာ ခိုင်ခိုင်စိုး ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်သူ့အင်အားဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပြည်သူ့အင်အားဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(၂)	ဦးခင်မောင်လှိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် စာသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စာသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန
(၃)	ဒေါက်တာ သန့်စင်အေး ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန ပညာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(၄)	ဒေါက်တာ မြသန္တာ ဒုတိယပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန



နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျင်းပပြုလုပ်သည်။

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် နှစ်(၈၀) ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲ ရေးဖြေ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့် အဆင့်(၄)ဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူ ၁၀၄ ဦး၏ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ကွမ်းခြံကုန်းမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ မန်းကလိပ်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဇေယျာသုခကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။




ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံစျေးကုန်းကျေးရွာရှိ မဏိဇောတရာမကျောင်းတိုက်မှ သံဃာတော် ၅ ပါးနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၂၉ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ Ultrasound စက်ဖြင့်ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နံနက်ခင်းအာဟာရပေးသည့် ပဲပြုတ်ဆီဆမ်းနှင့် ထမင်းကြမ်း



မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏ ၇၀ ရာခိုင်နှုန်းမှာ တောသူတောင်သားများ ဖြစ်ကြသည်။ ထိုသူများ မက်မက်မောမောစားကြသည့် နံနက်ခင်းစာမှာ ပဲပြုတ်ဆီဆမ်းနှင့် ညဉ့်ဦးကတည်းက ပို့လျှံအောင်ချက်ထားသည့် ထမင်းကြမ်းဖြစ်သည်။

ပဲပြုတ်ဟုဆိုလိုက်သည်နှင့် မျက်စိထဲတွင် မြန်မာ့ရိုးရာစားစရာ စားတော်ပဲပြုတ်ကို မြင်ပြီးဖြစ်ပါသည်။ ရေစိမ်ထားပြီး အညှောက်ကလေးများထွက်နေသော စားတော်ပဲလုံးကို အနှူးမြန်အောင် ဆော်ဒါနှင့် ဆားသင့်ရုံထည့်ပြုတ်ထားသဖြင့် ဆိမ့်သောအရသာခပ်လေးလေးနှင့် ချိုငန်သော အရသာရှိသည်။ ထိုပဲပြုတ်ကို နှမ်းဆီ သို့မဟုတ် မြေပဲဆီကို ဆမ်းစားလေ့ရှိကြသည်။

တောသူတောင်သားများ ထမင်းကြမ်းစားကြခြင်းမှာ အဆာခံခြင်းကြောင့်ဖြစ်သည်။ နံနက်စောစော နွားတစ်ရှဉ်းနှင့် တောင်ယာလယ်တောဆင်းသူများအဖို့ နေ့လယ်နေမြင့်မှ နွားများနေမပူအောင် အလုပ်သိမ်းအိမ်ပြန်ကြရသည်။ ထိုအချိန်အတွင်း နောက်ထပ် ဗိုက်မဆာစေရန် ထမင်းကြမ်းကို စားကြရခြင်းဖြစ်သည်။ အမှန်မှာ အစာအိမ်နှင့် သင့်လျော်သော နံနက်ခင်းစာမှာ ထမင်းပူပူနွေးနွေးဖြစ်သည်။ ထမင်းအေးသည် ဝမ်းမီးကိုငြိမ်စေသဖြင့် အလုပ်မလုပ်သောသူများ မစားသင့်ပေ။ ရင်တောင့်ပြီး အစာမကြေဖြစ်ရာမှ ကြာလျှင် အစာအိမ်ရောင်ရောဂါရနိုင်သည်။

စားတော်ပဲပြုတ်ကို ခံတွင်းတွေ့ကြခြင်းမှာ ဆော်ဒါနှင့်ပဲပြုတ်ထားသောကြောင့်ဖြစ်သည်။ ဆော်ဒါသည် အစာအိမ်မှ လေကို အထက်သို့ပွတ်တက်စေသော အစာဖြစ်သဖြင့် ဆော်ဒါများလွန်းလျှင် မကောင်းပေ။ ပဲပြုတ်ပြုတ်သူများက ပဲလုံးအနှူးမြန်စေရန် ထည့်ပြုတ်ခြင်းဖြစ်သည်။

မြန်မာ့ရိုးရာအစားအစာ ပဲပြုတ်သည် အင်္ဂလိပ်ခေတ်တွင် အိန္ဒိယမှပါလာသော ကာကာများ၏ လက်ဖက်ရည်ဆိုင်များမှ နံပြားနှင့်ပေါင်းပြီး လူကြိုက်များသော အစားအစာဖြစ်လာသည်။

ပဲအမျိုးအစားများစွာအနက် စားတော်ပဲလုံးကို လူကြိုက်များရခြင်းမှာ ဆိမ့်၍ အားရှိသော ပဲမျိုးဖြစ်သောကြောင့်ဖြစ်သည်။ ကုလားပဲနှင့်မတူသောအချက်မှာ ကုလားပဲသည် အားရှိသော်လည်း ဝမ်းကို ချုပ်စေသည်။ စားတော်ပဲသည် လေကို ပွစေသဖြင့် ဝါယောဓာတ်ပါသော အစားအစာဖြစ်သည်။ ဝမ်းကို မချုပ်ပေ။ စားတော်ပဲလုံး ရေစိမ်သောအခါ အညှောက်လေးများထွက်သဖြင့် အရည်ကို စုပ်ယူနိုင်သည့် အာပေါစာဖြစ်သည်။ အညှောက်ပေါက်လေးတွင် တွန်းကန်ထွက်နိုင်သည့် အာကာသဓာတ်ရှိသဖြင့် စားတော်ပဲစားလျှင် ချွေးထွက်စေနိုင်သော သတ္တိရှိသည်။ အဖျားရှိသူများ ကုလားပဲနှင့် မတည့်သော်လည်း စားတော်ပဲပြုတ်နှင့် တည့်သည်။ နံနက်စာအဖြစ် ထမင်းပူပူနှင့်စားနိုင်သည်။

မြန်မာ့ရိုးရာ အစားအစာများတွင် နံနက်စောစော စားလေ့ရှိသော စားတော်ပဲပြုတ်သည် ကျန်းမာရေးနှင့် သင့်လျော်သော အစားအစာဖြစ်သည်။ ပိန်သူဖြစ်စေ၊ ဝသူဖြစ်စေ သင့်လျော်ပြီး အာဟာရဓာတ်လည်း ပြည့်စုံသောအစားအစာဖြစ်သည်။ အထူးပါဝင်သောသတ္တိထူးမှာ အစာအိမ်သစ်တွင် ခိုအောင်းနေသော လေချဉ်လေဟောင်းကို ဖွထုတ်ပြီး အပြင်သို့ထွက်စေကာ အစာစားချင်စိတ်ကိုဖြစ်စေသော သတ္တိ၊ ဆာလောင်သောအပူကို ငြိမ်းစေပြီး အာဟာရဖြစ်စေသော အစားအစာဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

ကြည်လွင်မြင့်(မုခြာ)

''အနောက်တိုင်းဆေးပညာရှင် ဆရာဝန်ကြီးများကလည်း ခြေသလုံးကြွက်သားများသည် လူ၏ ဒုတိယနှလုံးဖြစ်သည်ဟုဆိုကြသည်။

နှလုံးအားကောင်း၊ မကောင်းကို စစ်ဆေးလိုလျှင် ခြေသလုံးကြွက်သားများကို အားရှိ၊ မရှိ စစ်ဆေးကြည့်ခြင်းဖြင့် သိနိုင်သည်ဟုဆိုသည်. . .''

နှလုံးသည် လူ့အသက်ရှည်ကျန်းမာရေးအတွက် အရေးအကြီးဆုံးသော ကိုယ်တွင်းအင်္ဂါဖြစ်သည်။ လူများ အိပ်ပျော်သည့်တိုင် အနားမယူဘဲ အလုပ်လုပ်နေသူမှာ နှလုံးကြွက်သားများဖြစ်သည်။ နှလုံးကြွက်သားများ အနားယူသည့်အချိန်မှာ လူသေဆုံးသည့်အချိန်ဖြစ်သည်။ နှလုံးမှ ကြွက်သားများ ညှစ်ထုတ်အားကြောင့် ခန္ဓာကိုယ်တစ်ခုလုံးသို့ သွေးများရောက်ရှိပြီး နှလုံးမှကြွက်သားများ ပြန်ကျုံ့သည့်အခါ ခန္ဓာကိုယ်အနှံ့မှ သွေးဟောင်းများသည် နှလုံးအတွင်းသို့ ပြန်လည်ရောက်ရှိကြပြန်သည်။ ထိုသွေးများကို အဆုတ်မှ ရှူသွင်းသည့်လေ(အာနာပါန)ဖြင့် သန့်စင်ပြီး သွေးအသစ်ဖြစ်စေသည်။ ထိုသွေးအသစ်ကို ခန္ဓာကိုယ်သို့ ဖြန့်ဖြူးခြင်းကို တစ်မိနစ်လျှင် အကြိမ် ၇၀ မှ အကြိမ် ၁၀၀ ကျော်အထိ နှလုံးကြွက်သားများက မနားမနေ ပြုလုပ်ပေးသည်။

ဤမျှအရေးပါသော နှလုံးကြွက်သားများအားကောင်း၊ မကောင်း၊ တစ်နည်းအားဖြင့် နှလုံးအားကောင်း၊ မကောင်းကို သိရှိနိုင်ရန် ဆေးရုံကြီးများသို့လည်း သွားရောက်မစစ်ဆေးနိုင်၊ ဆရာဝန်ကြီးများနှင့်လည်း ငွေကုန်ကြေးကျခံပြီးသွားရောက်မစစ်ဆေးနိုင်သူများအတွက် မိမိကိုယ်တိုင် စစ်ဆေးနိုင်မည့်နည်းလမ်းတစ်ခုကို တင်ပြလိုပါသည်။ ဤနည်းမှာ မိမိခြေသလုံးကြွက်သားကို စစ်ဆေးရမည့်နည်းလမ်းဖြစ်သည်။

ရှေးက ရဟန်းတော်များသည် သလုံးမြင်းခေါင်း(ခြေသလုံးကြွက်သား) ကောင်းနေသမျှ ဆွမ်းခံစားရမည်ဟု အဆိုရှိသည်။ တစ်နည်းအားဖြင့် ကျန်းမာနေသည့်၊ ဆွမ်းခံစားနိုင်သည့် အင်အားကို ခြေသလုံးကြွက်သားအင်အားဖြင့် စံပြုတိုင်းတာခြင်းဖြစ်သည်။

ထို့အတူ အနောက်တိုင်းဆေးပညာရှင် ဆရာဝန်ကြီးများကလည်း ခြေသလုံးကြွက်သားများသည် လူ၏ ဒုတိယနှလုံးဖြစ်သည်ဟုဆိုကြသည်။ နှလုံးအားကောင်း၊ မကောင်းကို စစ်ဆေးလိုလျှင် ခြေသလုံးကြွက်သားများကို အားရှိ၊ မရှိ စစ်ဆေးကြည့်ခြင်းဖြင့် သိနိုင်သည်ဟုဆိုသည်။

လူငယ်များတွင် ခြေသလုံးကြွက်သားအင်အားကို အထူးစစ်ဆေးနေစရာမလိုပေ။ ပြေးလွှားခြင်း၊ ဘောလုံးကန်ခြင်း၊ တောင်တက်တောင်ဆင်းပြုလုပ်ခြင်းများသည် ခြေသလုံးကြွက်သားဖြင့် ပြုလုပ်ရခြင်းဖြစ်သည်။ အသက် ၆၀ ကျော် လူကြီးပိုင်းမှာမူ မတ်တတ်ကြာကြာမရပ်နိုင်ခြင်း၊ ခြေလှမ်းသွက်သွက် မလျှောက်နိုင်ခြင်း၊ လှေကားထစ်များစွာ မတက်နိုင်ခြင်း စသည့် ပြဿနာများရှိလာသည်။ ဤသို့ဖြစ်ရခြင်းမှာ ခြေသလုံးကြွက်သားများ အားနည်းလာခြင်းကြောင့် ဖြစ်သည်။ ခြေသလုံးကြွက်သား အားနည်းလျှင်၊ တစ်မိုင်ခန့်မျှ လမ်းမလျှောက်နိုင်လျှင်၊ မောလျှင် နှလုံးအားနည်းရောဂါဝင်လာပြီဟု ခန့်မှန်းနိုင်ပေသည်။

တချို့လူကြီးများတွင် ခြေသလုံးကြွက်သားများ ပျော့ကျသွားသူများရှိသကဲ့သို့ ခြေသလုံးကြွက်သားများ တောင့်တင်းမာခဲပြီး လမ်းမလျှောက်နိုင်သူများလည်း ရှိသည်။ ကြွက်တက်သူများပင်ရှိသည်။ မကြာခဏ အနင်းအနှိပ်ခံခြင်း၊ ပရုပ်ဆီဆေးအပူများလိမ်းခြင်း ပြုလုပ်သော်လည်း ခြေသလုံးကြွက်သားများမှာ အမြဲတောင့်တင်းနေလေ့ရှိသည်။ ထိုသူများသည် နှလုံးသွေးကြောပိတ်ရောဂါဖြစ်နိုင်ခြေရှိသူများဖြစ်သဖြင့် သတိထားသင့်သည်။

အချုပ်ဆိုရသော် နှလုံးကြွက်သားအားကောင်းစေရန် တစ်ရက်လျှင် နှစ်မိုင်ခန့် လမ်းလျှောက်ပေးရမည်ဖြစ်သည်။ လမ်းလျှောက်ပျင်းသူများတွင် ခြေသလုံးကြွက်သား ပျော့ကျသွားတတ်သည်။ အစားများပြီး အထိုင်များသူများတွင် ခြေသလုံးကြွက်သားတောင့်တင်းမာကျောပြီး သွေးကြောပိတ်ရောဂါရတတ်သည်။ လူကြီးများ ရေချိုးသည့်အခါတွင်လည်း ဒူးအောက်ပိုင်း ခြေသလုံးမှစ၍ ရေလောင်းပြီးမှသာ ချိုးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံ ရေကြီးနစ်မြုပ်ခြင်းအကာအကွယ်အတွက် စပါးစိုက်တောင်သူများအား လျော်ကြေးငွေများပေးအပ်

ကျောက်ဆည် ဖေဖော်ဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများအား ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံ ရေကြီးနစ်မြုပ်ခြင်းအကာအကွယ်အတွက် လျော်ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၅ ရက်က မြန်မာ့အာမခံလုပ်ငန်း (ကျောက်ဆည်ခရိုင်ရုံး)အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ကျောက်ဆည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက မိုးစပါးစိုက်တောင်သူ ၈၀ ဦးအာမခံထားရှိသော ဧက ၂၃၀ အတွက် လျော်ကြေးငွေ ငွေကျပ် ၁၀ သိန်း ၃၅ သန်းကို တောင်သူတစ်ဦးချင်းပေးချေနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူများကိုယ်စား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ကျောက်ဆည်ခရိုင်ဘဏ်ခွဲ) မန်နေဂျာ ဦးကျော်ကျော်အား လျော်ကြေးငွေများပေးအပ်ရာ မုန့်ပေါင်းကျေးရွာမှ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

မြန်မာ့အာမခံလုပ်ငန်း (ကျောက်ဆည်ခရိုင်ရုံး)အနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်၊ အကျိုးစီးပွားများကို အာမခံစနစ်ဖြင့် စောင့်ရှောက်ပေးလျက်ရှိကြောင်း နှင့် အသက်အာမခံပေးခြင်း၊ မီးအာမခံပေးခြင်း၊ မော်တော်ယာဉ်များအတွက် အလုံးစုံထိခိုက်မှုအာမခံပေးခြင်း၊ ခရီးသွားအာမခံပေးခြင်း စသည့်အာမခံလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တင်တင်ထွေး

ကလိန်အောင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ (တပေါင်းပွဲတော်)ကျင်းပမည်



ကလိန်အောင် ဖေဖော်ဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ရှိရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ(တပေါင်းပွဲတော်)ကို ကလိန်အောင်မြို့အမှတ်(၁)ရပ်ကွက်ရှိဘောလုံးကွင်း၌ မတ်လ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကလိန်အောင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ တပေါင်းပွဲတော်ကို ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ ပါဝင်ဆင်နွှဲနိုင်ကြောင်း၊ ကလိန်အောင်မြို့၏ ကျက်သရေဆောင် သမိုင်းဝင်ဆံတော်ရှင် စေတီတော်မြတ်ကြီးသည် အမှတ်(၄) ရပ်ကွက်တွင်တည်ရှိပြီး တောင်ခြေမှဘုရားတောင်ပေါ် အထိ ၂မိုင် ၆ ဖာလုံခန့်ရှိကြောင်း၊ ဘုရားပွဲတော်တွင် ဇာတ်ပွဲသဘင်နှင့်ကလေးကစားစရာ အရုပ်ဆိုင်တန်းများ၊ အလှကုန်ပစ္စည်းအရောင်းဆိုင်များ ထည့်သွင်းပါဝင်မည်ဖြစ်ကာ ရပ်နီးရပ်ဝေးမှဈေးသည်များ လာရောက်ဖွင့်လှစ်ရောင်းချနိုင်ကြောင်း သိရသည်။

(၄၁၂)

စစ်ကိုင်းမြို့နယ်၌ ဂျုံသီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းမြို့နယ်၌ ၂၀၂၄- ၂၀၂၅ ခုနှစ် ဂျုံစိုက်ပျိုးရာသီတွင် ဂျုံသီးနှံ ၃၁၀၅၇ ဧကစိုက်ပျိုးရန်လျာထားခဲ့ရာယခု ၃၁၀၃၅ ဧက စိုက်ပျိုးနိုင်ပြီး ယခင်နှစ်ကထက်ပိုမိုစိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ဒေသနှင့်ကိုက်ညီတဲ့ ဈေးကွက်ဝင်အထွက်နှုန်းကောင်းဂျုံမျိုးများ ပြောင်းလဲသုံးစွဲရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်စေရေး၊ သဘာဝမြေဩဇာအသုံးပြုမှုမှန်ကန်စေရေး၊ ရိတ်သိမ်းချိန်လွန်အလေအလွင့်မရှိစေရေး၊ သိုလှောင်ထားချိန်မှာ မျိုးရောစပ်မှုမရှိစေရေးတို့ကို တိုက်နယ်အလိုက် စိုက်ပျိုးရေးတာဝန်ခံများမှတစ်ဆင့် နည်းပညာများပေးပြီး လက်တွေ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါတယ်၊ ယခင်နှစ်များထက်ဂျုံသီးနှံများ ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် နွေ၊ မိုး၊ ဆောင်းရာသီများတွင် ဒေသနှင့်ကိုက်ညီသည့်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး၊ EM – ဘိုကာရှီ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနိုင်ရေး၊ ထရိုင်ကိုဒါးမားမြေဆွေးပြုလုပ်သုံးစွဲနိုင်ရေးတို့ကို တောင်သူများအား ဖိတ်ခေါ်၍လည်းကောင်း၊ ကျေးရွာများအရောက်ကွင်းဆင်း၍လည်းကောင်း စဉ်ဆက်မပြတ် နည်းပညာများဖြန့်ဝေပေးပြီး လက်တွေ့ပြုလုပ်ဆောင်ရွက်ပေးနေလျက်ရှိသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်ကုန်ထုတ်လုပ်မှုသည်အဓိကဖြစ်ရာ မြန်မာနိုင်ငံသည်စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုကိုမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ရှိပြီးသား စိုက်ပျိုးရေးထွက်ကုန်များကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံစီးပွားရေးအတွက်များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအားလိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**

ကျွန်းလှမြို့နယ်၌ ပဲမျိုးစုံ ဧက ၁၈၀၀၀ ကျော်ရိတ်သိမ်းပြီးစီး

ကျွန်းလှ ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးသော ပဲမျိုးစုံ ဧက ၁၈၀၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

“ကျွန်းလှမြို့နယ်အတွင်းရှိလယ်ယာမြေများမှာမိုးကောင်းသောက်ဖြစ်သော်လည်းချောင်းရေမြောင်းရေနဲ့မြေအောက်ရေတင်ပြီး စပါးအပြင် သီးနှံမျိုးစုံစိုက်ပျိုးကြပါတယ်။ ဒီနှစ်ဆောင်းရာသီမှာ ပဲမျိုးစုံစိုက်ပျိုးဖို့ ၁၉၇၉၃ ဧကလျာထားပြီး ၂၁၉၀၆ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်ထိ ၁၈၆၀၅ ဧကရိတ်သိမ်းပြီး ကျန်ရှိတဲ့သီးနှံများ ဆက်လက်ရိတ်သိမ်းနေကြပါတယ်” ဟုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံစိုက်ပျိုးမှုအဖြစ် မတ်ပဲ ၁၁၇၂၇ ဧက၊ ထောပတ်ပဲ ၁၈ ဧက၊ ကုလားပဲ ၂၄၁ ဧက၊ စားတော်ပဲ ၇၃၃၇ ဧက၊ ဓွန်တာပြာ ၂၁၃၂ ဧက၊ ပဲရာဇာ ၄၅၁ ဧက စုစုပေါင်း ၂၁၉၀၆ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

စိုက်ပျိုးသီးနှံများကို ၁ ဧကပန်းတိုင်



အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ကျွန်းလှမြို့နယ်၌ အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများ ယခင်ကထက်ပိုမိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းစားသုံးဆီဖူလုံလာမည်ဖြစ်သကဲ့သို့ ဆီဈေးနှုန်းတည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့်ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

ဘူမိချက်ချာ တို့အိမ်ရာ

✉ ဘူမိချက်ချာ၊ ရတနာနှင့်
ဥစ္စာစည်းစိမ်၊ အောင်မြင်ချိန်တွင်
ကိုယ့်အိမ်မိသား၊ မည်ငြားက
ထိပါးဘေးလူ၊ ခွင့်ကောင်းယူ၍
ရန်မူစွက်ဖက်၊ ချစ်ခြင်းပျက်အောင်
အိမ်ကြက်အိုးမဲ၊ ထင်မှတ်လွဲနှင့်
သွေးခွဲတိုက်ခိုက်၊ ရူးရဲမိုက်ကြောင့်
အသိုက်ကြေမွ၊ ဥမြေခဏ်။။

✉ မာတာပိတာ၊ မိနှင့်ဘတို့
ကာလကြာရှည်၊ ရှေးပဝေမှ
အမွေဆက်ခံ၊ ဤအိမ်ခြံကို
ကာရံဆီးတား၊ စည်းရိုးခြားလျက်
မိသားစုံညီ၊ ပြုပြင်တည်၍
မြေဆီထက်လွှာ၊ ဥယျာဉ်ယာနှင့်
နီလာကျောက်မျက်၊ ခြံမှထွက်သော်
ဈေးကွက်ဝင်ကာ၊ ရတနာတို့
သူငါမျက်မြင် လောဘဝင်ဏ်။။

✉ ညော်...
တရားအရှိ၊ အများသိနှင့်
ဘူမိချက်ချာ၊ တို့အိမ်ရာတွင်
ဝင်လာလူစိမ်း၊ သူ့တွက်ကိန်းကြောင့်
ပျက်ယိမ်းယိုယွင်း၊ ညီကိုချင်းတို့
စစ်ခင်းရန်မူ၊ ဘေးဝင်ကူ၍
မတူစိတ်ဝမ်း၊ ခယောင်းလမ်းမှ
ခေါင်းယမ်းလက်ကာ၊ ဝေးသို့ခွာလည်း
မာယာလှည့်စား၊ ဖျက်သမား၏
သုတ်ထားနက်ရောင်၊ အိုးမဲပြောင်လျှင်
တည်ထောင်ရွေနန်း ထီးရိပ်ဆီ။
ပြည်ထောင်ရေစမ်း စီးစိမ့်ကြည်။
ညီနောင်တွေမှန်း သိလိမ့်မည်။ ။

မောင်ရေမွှေး(ပေလေးပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၂၅(ကြာသပတေးနေ့)

၁။	ဝ၆:၀၀	နိုင်ငံတော်သီချင်း	ရုပ်မြင်သံကြား
၂။	ဝ၈:၀၀	သုတရသစုံလင် ဗဟုသုတပုံပြင်	ဇာတ်လမ်းငါသူတစ်ပါး
၃။	၉:၀၀	မြဝတီနေ့စဉ် သတင်း	ယောကျ်ားမိန်းမ (ဇာတ်သိမ်းပိုင်း)
၄။	၁၁:၀၀	ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ	သရုပ်ဆောင် ရန်အောင်၊ လွင်မိုး၊ မေသန်းနု
၅။	၁၂:၀၀	မြန်မာသံစဉ် ချိုနာဝင်း	ဒါရိုက်တာ အကယ်ဒမီ ပန်းချီမိုးမိုး

မိုးညှင်းမြို့နယ်အတွင်း သမဝါယမအသင်းများ၏ ဆီထွက်သီးနှံ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေး



မိုးညှင်း ဖေဖော်ဝါရီ ၂၆

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်အတွင်း သမဝါယမအသင်းများ၏ ဆီထွက်သီးနှံစိုက်ပျိုးထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးထွန်း ဦးဆောင်သည့် တာဝန်ရှိသူများနှင့်အတူ ပင်းဟဲကျေးရွာရှိ ကွင်းအမှတ်(၃၁၂) ဦးပိုင်အမှတ် (၃၃) တောင်သူ ဒေါ်မြဝင်း၏ လယ်မြေ၌ စိုက်ပျိုးထားသော မြေပဲလေးဇကနှင့် ပဲပုပ် ခြောက်ဇကစိုက်ခင်းအား မြေဩဇာလိုအပ်မှုအခြေအနေများနှင့် ပိုးမွှားရောဂါကျရောက်မှု ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြသည်။

မိုးညှင်းမြို့နယ် သမဝါယမဦးစီးဌာနမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် ပြည်နယ်ခွင့်ပြုငွေတို့ဖြင့် ဆောင်ရွက်သည့် ကျေးရွာခုနစ်ရွာအား တောင်သူလယ်သမားများလိုအပ်သည့် သွင်းအားစုဖြစ်သော မျိုးနှင့်မြေဩဇာများကို သီးနှံပေါ်ပေးစနစ်ဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး မိုးညှင်းမြို့နယ်အတွင်း တောင်သူစုစုပေါင်း ၇၇၄ ဦး၏ စိုက်ဧက ၂၂၅၀ အတွက် စုစုပေါင်း ငွေကျပ်သိန်း ၄၂၀၀ နှင့်ညီမျှသည့် သွင်းအားစုများကို ယခုဘဏ္ဍာနှစ်တွင် ပံ့ပိုးထားကြောင်း သိရသည်။

ရွှေမိုးညှင်း

တောင်ငူမြို့နယ်ရှိကျေးရွာနှစ်ရွာ၌ ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



တောင်ငူ ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ထပ်တိုးဆောင်ရွက်ခွင့်ရရှိသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဧီးဖြူပင်ကျေးရွာနှင့် ခွေးလေးတောကျေးရွာတို့၌ ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဧီးဖြူပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ခွေးလေးတောကျေးရွာ၌ ကျေးရွာတွင်းလမ်း ဘီးနင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တောင်ငူမြို့နယ် ဧီးဖြူပင်ကျေးရွာ၌ အရှည်ပေ ၂၅၀၀ ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိသော ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းလုပ်ငန်း၊ ခွေးလေးတောကျေးရွာ၌ အရှည်ပေ ၈၂၀ ၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်းလမ်း ဘီးနင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့ကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ ငွေကျပ်သိန်း ၁၅၀ စီဖြင့် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ၄ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းမှာ ဂု၅ ရာခိုင်နှုန်းခန့်နှင့် ဘီးနင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းမှာ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကိုညီ(ကျေးလက်)

ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး၌ ၂၀၂၄ ခုနှစ်အတွင်း မွေးရာပါကလေးမျက်စိအတွင်းတိမ်ရောဂါလူနာ ၂၀၀ ခန့် ခွဲစိတ်ကုသပေးခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး၌ ၂၀၂၄ ခုနှစ်အတွင်း မွေးရာပါ ကလေးမျက်စိအတွင်းတိမ်ရောဂါ ခွဲစိတ်ကုသမှုပေါင်း ၂၀၀ ခန့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန် မျက်စိအထူးကုဆေးရုံကြီး၌ လူကြီးမျက်စိရောဂါလူနာများကို ကြည့်ရှုစမ်းသပ်စစ်ဆေးကာ ခွဲစိတ်ကုသပေးနေသော မျက်စိအထူးကုဆရာဝန်များအပြင် ကလေးမျက်စိအထူးကုဆရာဝန်များလည်းရှိကြောင်း၊ ကလေးမျက်စိရောဂါ ပြင်ပလူနာများကို အစိုးရရုံးဖွင့်ရက်များတွင် နေ့စဉ် စမ်းသပ်စစ်ဆေးပေးလျက်ရှိပြီး အပတ်စဉ်တနင်္လာနေ့တိုင်း ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

"ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးမှာ အဓိကအားဖြင့် မွေးရာပါကလေးမျက်စိအတွင်းတိမ်ရောဂါတွေကို ခွဲစိတ်ကုသပေးရပါတယ်။ တချို့ အလှူရှင်တွေရဲ့ အစီအစဉ်တွေနဲ့လည်း ကလေးမျက်စိအတွင်းတိမ်ခွဲစိတ်မှုတွေကို အခမဲ့ ဆောင်ရွက်ပေးနေပါတယ်" ဟု ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဇော်ကပြောသည်။

ထိုသို့ ကလေးမျက်စိရောဂါလူနာများအား ကုသပေးရာတွင် မွေးရာပါအတွင်းတိမ်ရောဂါနှင့် မျက်စိစွေစောင်းရောဂါတို့ကို အများဆုံးခွဲစိတ်ကုသပေးလျက်ရှိသည်။

ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးသည် ဗဟိုအဆင့်ဆေးရုံကြီးဖြစ်ပြီး ကလေး၊ လူကြီးများတွင် ဖြစ်ပွားသော အတွင်းတိမ်၊ ရေတိမ်၊ မျက်စိကင်ဆာ၊ ထိခိုက်မှုကြောင့်ဖြစ်ပွားသော မျက်စိရောဂါများနှင့် တခြားမျက်စိရောဂါများအပြင် မွေးရာပါကလေးမျက်စိအတွင်းတိမ်ရောဂါနှင့် မျက်စိစွေစောင်းရောဂါများကိုလည်း ကုသပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်လှစ်



ထားဝယ် ဖေဖော်ဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်က ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ကြောင်း၊ နည်းပညာခေတ်ဖြစ်သည်နှင့်အညီ Digital Economy ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ထောက်အင်ဂျင်နီယာ ဦးစိုးမိုးဝင်းက ဒစ်ဂျစ်တယ်နည်းပညာဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်စေခြင်းဖြင့် စျေးကွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာစျေးကွက်သို့ ထိုးဖောက်ဆောင်ရွက်လာနိုင်စေရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းဆိုင်ရာ အသိပညာဗဟုသုတများအကြောင်း၊ Online အသုံးပြုမှုတိုးပုံတင်ခြင်း၊ လုပ်ငန်းရှင်များ Online စျေးကွက်သို့ ဝင်ရောက်ရောင်းချနိုင်ရေးအတွက် ဌာနမှရေးဆွဲထားသည့် E-commerce Website ဝင်ရောက်နည်းနှင့် အသုံးပြုနည်းများအကြောင်း သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးလွင်က Online အသုံးပြုခြင်းဆိုင်ရာ သိမှတ်စရာများအကြောင်း၊ စျေးကွက်စောင့်ကြည့် စစ်ဆေးခြင်းနှင့် Cyber လုံခြုံရေးဆိုင်ရာဗဟုသုတများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို) ကြီးကြပ်ရေးအဖွဲ့ ဒသမအကြိမ်အစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဒသမအကြိမ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တစန္ဒဝရ အမှူးပြု သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ နဝမအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် သင်တန်းကျောင်းဆိုင်ရာလုပ်ငန်းစဉ်များကိုလျှောက်ထားသည်။

ယင်းနောက်တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်များက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းစည်းမျဉ်းပြင်ဆင်ရေးနှင့် ၁၅ နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ပြီးသော ကျောင်းတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း (ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်က အဖွင့်သြဝါဒမိန့်ကြားပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ နဝမအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် သင်တန်းကျောင်းဆိုင်ရာလုပ်ငန်းစဉ်များကိုလျှောက်ထားသည်။

ယင်းနောက်တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်များက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းစည်းမျဉ်းပြင်ဆင်ရေးနှင့် ၁၅ နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ပြီးသော ကျောင်းတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း (ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်က အဖွင့်သြဝါဒမိန့်ကြားပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို)ကြီးကြပ်ရေးအဖွဲ့ နဝမအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် သင်တန်းကျောင်းဆိုင်ရာလုပ်ငန်းစဉ်များကိုလျှောက်ထားသည်။

ယင်းနောက်တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်များက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းစည်းမျဉ်းပြင်ဆင်ရေးနှင့် ၁၅ နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ပြီးသော ကျောင်းတာဝန်ရှိသူများ သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းလျှောက်ထား၍ ဆုံးဖြတ်ချက်များချမှတ်သည်။

ဆက်လက်၍ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဆရာတော်ဘဒ္ဒန္တသုဘောဂကနိဂုံးချုပ်သြဝါဒကထာ မိန့်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ပရိတ်တော်၊ ဒေသနာတော်၊ ပါဠိ-မြန်မာစာအုပ်များ ဆက်ကပ်လှူဒါန်းသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ၁၄ ကျောင်းတွင် သင်တန်းအကြိမ်ပေါင်း ၂၂၁ ကြိမ်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၄၆၁၁ ပါး အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧယျာသီရိမြို့နယ်၌ ဖော်ထုတ်လျက်ရှိသည့် စက်မှုလယ်ယာစနစ်ကျလယ်မြေတွင် မျိုးစေ့ချကိရိယာအသုံးပြု၍ နွေစပါးစတင်စိုက်ပျိုးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဧယျာသီရိမြို့နယ် အောင်ဧယျ၊ မအူတော၊ သက်နှင်းအင်းကျေးရွာအုပ်စုတွင် ဆောင်ရွက်လျက်ရှိသည့် မူလလယ်မြေ ၂၇၇ ဒသမ ၄၇ ဧက၌ စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်း စီမံကိန်းသို့ကွင်းဆင်းပြီး စပါးစိုက်တောင်သူများ မျိုးစေ့ချကိရိယာအသုံးပြု၍ နွေစပါးစိုက်ပျိုးရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ရေသွင်းမြောင်း ရေနုတ်မြောင်းများ ရေစီးရေလာမှန်ကန်ရေး၊ စနစ်ကျလယ်မြေဖော်ထုတ်ပြီးစီးမှု ဧရိယာအလိုက် နွေစပါးစိုက်ပျိုးခြင်းအတွက် မျိုးမြေရေနည်းပညာလိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်နှင့် စနစ်ကျလယ်မြေ ထပ်မံတိုးချဲ့ဖော်ထုတ်ခြင်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်တပ်အုပ်စု သပြေပင်ကျေးရွာရှိ TBL Limited ၏ TBL-KTK ချည်မျှင်ရှည်ဝါမျိုး မျိုးစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုအားပေးပြီး ချည်မျှင်ရှည်ဝါမျိုးသန့်မျိုးစေ့များ ဝါစိုက်တောင်သူများထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရေးအတွက် ဌာနနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဧယျာသီရိမြို့နယ် ပင်လောင်းလမ်းဆုံ၊ အရှေ့မြောက်ဘက်ခြမ်း အောင်ဧယျ၊ မအူတော၊ သက်နှင်းအင်းကျေးရွာအုပ်စုများမှ တောင်သူ ၁၀၈ ဦးပိုင်ဆိုင်သည့် မူလလယ်မြေ ၂၇၇ ဒသမ ၄၇ ဧကတွင် ရေပေးမြောင်းအလျား၊ ရေနုတ်မြောင်း၊ ရေဆင်းပြွန်အဆောက်အအုံ၊ ကုန်ထုတ်လမ်းပါဝင်သော စက်မှုလယ်ယာစနစ်ကျလယ်မြေအဖြစ် ပြန်လည်ခွဲဝေဧရိယာ ၂၅၃ ဒသမ ၇၅ ဧကခွဲ လုပ်ငန်းရာနှုန်းပြည့် ပြီးစီးသည့်ဧရိယာ ဧက ၁၀၀ တွင် ဧက ၈၀ ကို နရဘန်ချောင်းယာယီချောင်းပိတ်ဆည်ရေဖြင့် ရေပေးသွင်းထားပြီးဖြစ်ကာ ဧက ၂၀ တွင် မျိုးစေ့ချကိရိယာအသုံးပြု၍ နွေစပါးစတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

၂၆-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၅၀၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၁.c	/	၃၃.c
ရန်ကုန်	၂၃.c	/	၃၄.c
မန္တလေး	၁၉.c	/	၃၅.c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

လူငယ်အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ၏ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MYDA) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးကပါဝင်ဆွေးနွေးကြမည့် လူငယ်မောင်မယ်များအနေဖြင့် မိမိတို့ကျွမ်းကျင်သည့် ဘာသာရပ်များအလိုက် အသိပညာများ၊ အတတ်ပညာများ၊ မှတ်သားလေ့လာခဲ့သည့် ပညာဗဟုသုတနှင့် ရသစာပေများကို အချင်းချင်းမျှဝေပြီး ၂၁ ရာစု ဗလငါးတန် ဖြစ်သည့် ကိုယ်ခန္ဓာကျန်းမာကြံခိုင်မှုကို ထိန်းသိမ်းနိုင်သည့် အရည်အသွေး(PQ)၊ မတူကွဲပြားသည့် ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းများကို နားလည်လက်ခံနိုင်သည့် အရည်အသွေး(CQ)၊ ဘဝရှင်သန်နေထိုင်ခြင်း၏ ရည်ရွယ်ချက်ကို သိရှိလိုက်နာနိုင်သည့် အရည်အသွေး(SQ)၊ စိတ်နှလုံးခံစားမှု အရည်အသွေး (EQ)၊ ဉာဏ်ရည်ဉာဏ်သွေး (IQ)များနှင့်ပြည့်စုံသည့် လူငယ်မောင်မယ်များဖြစ်လာနိုင်မည်ဖြစ်ကြောင်းပြောကြားပြီး မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA) ဥက္ကဋ္ဌက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို **"Building a Resilient and Innovative Future"**ခေါင်းစဉ်ဖြင့်ကျင်းပပြီး လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ခရီးသွားကဏ္ဍမြှင့်တင်ခြင်း၊ ပိုမိုကောင်းမွန်သောအနာဂတ်အတွက် သင်ယူမှုအသစ်များ လေ့လာခြင်း၊ ပညာရေးမှတစ်ဆင့် လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ဆန်းသစ်တီထွင်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများအား လူငယ်များမှ ဦးဆောင်အဖြေရှာခြင်း၊ လူငယ်များ၏အင်အားဖြင့် ပူးပေါင်းဆောင်ရွက်သည့် အလေ့အထ ဖန်တီးခြင်း၊ အောင်မြင်မှုအတွက် ကျွမ်းကျင်မှုများ၊ ရေရှည်ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုဖြင့် စည်းလုံးညီညွတ်မှုတို့အား စာနာနားလည်မှုစိတ်ဓာတ်ဖြင့် တည်ဆောက်ခြင်းနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကာ လူငယ်အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို ရုပ်သိမ်းလိုက်သည်။

လူငယ်အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့မှ လူငယ်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခြင်းကို ဖေဖော်ဝါရီလ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

Gender/ CEDAW/ NSPAW/ AGMSF/ UNSCR 1325
အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်



နေပြည်တော် ဖေဖော်ဝါရီ ၂၆

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်သော ကျား၊မရေးရာ Gender ဆိုင်ရာအခြေခံသဘောတရားများ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Elimination of All Forms of Discrimination Against Women – CEDAW)၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း(National Strategic Plan for the Advancement of Women – NSPAW)၊ ကဏ္ဍစုံတွင် ကျား၊မရေးရာထည့်သွင်းစဉ်းစားခြင်းမဟာဗျူဟာမူဘောင် (ASEAN Gender Mainstreaming Strategic Framework– AGMSF) (2021–2025)၊ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (UNSCR 1325) အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင်လူမှုဆန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ လူမှုဆန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်းလုံးတွင် ဆောင်ရွက်နေကြသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ UNSCR 1325 လုပ်ငန်းစဉ်များကို သိရှိစေရန် အမျိုးသမီးများအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို အသိပညာပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကို နှစ်ရက်တာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

ကျောက်မီးသွေးများအား ပြည်ပမှတင်သွင်းခွင့်ပြုမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်တွင်းရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ် ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များလျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။

(၅၀၀)

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် ကူညီပံ့ပိုးပေးသူများအားဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် ကူညီပံ့ပိုးပေးသူများအား ဂုဏ်ပြုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Myawady Media Centre ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်တစ်သက်တာဆုရရှိသူများ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့် ကူညီပံ့ပိုးပေးသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်ဆုပေးပွဲတွင် ပါဝင်ကူညီပံ့ပိုးသူများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့်တာဝန်ရှိသူများက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်တစ်သက်တာဆုရရှိသူများနှင့် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါရုပ်ရှင်ထူးချွန်ဆုရရှိသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ငွေကျပ်နှစ်သိန်းစီ၊ မင်္ဂလာရုပ်ရှင်ရုံမိသားစုက တစ်သိန်းစီ ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရုပ်ရှင်ထူးချွန်ဆုရရှိသူများကိုယ်စား ၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရှင် အကယ်ဒမီများရှင် နေတိုးက ကျေးဇူးတင်စကားပြောကြားပြီး စိန်နန်းတော်စိန်ရွှေရတနာဆိုင်က စားသောက်ဖွယ်ရာများတည်ခင်းဧည့်ခံမှုကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

ကိုကိုဇော်–mna



တိုင်းရင်းကြက်မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

အောင်သူရိန်(လယ်ဝေး)

ကျေးလက်နေပြည်သူများ၏ စားရေရိက္ခာပြည့်စုံဖူလုံရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တိုင်းရင်းကြက်မွေးမြူရေးကို

"ဟင်းစားမှသည် တစ်နိုင်တစ်ပိုင်
တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်
စီးပွားဖြစ်မှသည် ပြည်ပပို့ကုန်အမည်တစ်မျိုး..."

အဖြစ်မွေးမြူပါက မိသားစုစားရေရိက္ခာအတွက် ဟင်းစားရရှိလာမည့်အပြင် ပိုလျှံသည်များကို ဈေးကွက်



တင်ပို့ရောင်းချပါက မွေးမြူရေးအလုပ်အကိုင်အခွင့်အလမ်း စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ပိုလျှံတိုးပွားဝင်ငွေအခွင့်အလမ်းရရှိလာမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် မြေကြီးပေါ်တွင် စိုက်ပျိုးမွေးမြူကာ စိုက်ပျိုး၍ အပင်မှထွက်ရှိလာသည်များကို မွေးမြူရေးတိရစ္ဆာန်များတွင်ကျွေးမွေး၍ အသား၊ ငါး၊ နို့၊ ဥများထုတ်လုပ်ကာ လူသားများအတွက် အဓိကလိုအပ်သော အစာကွင်းဆက်၊ အစာသံသရာအတွက် စားရေရိက္ခာပြည့်စုံဖူလုံအောင် ဆောင်ရွက်ပေးနေသောလုပ်ငန်းဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် ကြားဖြတ်တိရစ္ဆာန်ကောင်ရေစာရင်းအရ တိုင်းရင်းကြက်၊ ဥစားကြက်၊ အသားစားကြက်၊ ကြက်ကောင်ရေစုစုပေါင်း ၈၀ ဒသမ ၈၆ သန်းရှိကာ ဒေသကြက်ကောင်ရေသည် ကြက်စုစုပေါင်း၏ ၅၄ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး ပြည်သူများ၏ အသားရိက္ခာအတွက် အဓိကပံ့ပိုးပေးနေသော မွေးမြူရေးလုပ်ငန်းဖြစ်သည်။ ကျေးလက်ဒေသများတွင် တိုင်းရင်းကြက်မွေးမြူရေးသည် ဝင်ငွေကောင်းရရှိစေနိုင်ပြီး ကျေးလက်ဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထင်ရှားသော တိုင်းရင်းကြက်မျိုးများဖြစ်သည့်

(က) စစ်တကောင်းကြက်
(ခ) အင်ပင်ဝကြက်
(ဂ) လည်ပြောင်ကြက်
(ဃ) တိုက်ကြက် အစရှိသောမျိုးများသည် အထူးထင်ရှားသည်။

တိုင်းရင်းကြက်မွေးမြူရေးသည် ဥစားကြက်နှင့် အသားတိုးကြက် မွေးမြူရေးလုပ်ငန်းများကဲ့သို့ ကုန်ကျစရိတ်မများဘဲ မွေးမြူထုတ်လုပ်နိုင်သော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ပေသည်။ အဓိကအားဖြင့်

(၁) အဆောက်အအုံ၊ အစာ၊ ဆေး၊ ခြံသုံးပစ္စည်းနှင့်လုပ်အားခ စသည့်ကုန်ကျစရိတ်များသက်သာစွာ မွေးမြူနိုင်ခြင်း။
(၂) ဆိုးရွားသော ရာသီဥတုဒဏ်၊ ရောဂါဒဏ်၊ အစာချို့တဲ့မှုဒဏ်ကို နိုင်ငံခြားကြက်မျိုးများထက် ခံနိုင်ရည်ရှိခြင်း။
(၃) ဒေသတွင်းမိမိဘာသာ ရှာဖွေစားသောက်နိုင်ခြင်း။
(၄) ဖောက်စက်မလိုအပ်ဘဲ မိမိကိုင်တိုင်ဝပ်၍ သားပေါက်နိုင်ခြင်း။
(၅) ကြက်ငယ်များအပေါ် မိခင်၊ ဖခင်စိတ်ထားရှိနိုင်ပြီး ကြက်ငယ်များအဝရှင်သန်ရန် လေ့ကျင့်သင်ကြားထိန်းကျောင်းပေးနိုင်ခြင်း။
(၆) အရွယ်ရောက်သောအခါ မိမိဘာသာ ရန်သူကို ကာကွယ်ရှင်သန်လှုပ်ရှားနိုင်ခြင်း။
(၇) ကြက်သား၏ အနံ့၊ အရသာနှင့် ဖွဲ့စည်းမှုကောင်းမွန်ခြင်း။
(၈) ကြက်ဥ၏အနှစ်အရည်အသွေးကောင်းမွန်ခြင်း စသည့်အရည်အသွေးကောင်းများရှိပေသည်။

အထက်ဖော်ပြပါ အရည်အသွေးကောင်းများရှိသော်လည်း တိုင်းရင်းကြက်မွေးမြူရေးကို စနစ်တကျကျွေးမွေး၊ ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းလျှင် သေပျောက်ဆုံးရှုံးပျက်စီးမှုများ ကြုံတွေ့ရတတ်သည်။

"ဆရာမပြ နည်းမကျ"ဆိုသကဲ့သို့ တတ်သိနားလည်သော ဆရာ၊ တိရစ္ဆာန်ဆေးကုဆရာဝန် (မွေးမြူရေးနှင့် ကုသရေဦးစီးဌာန)များ၏ နည်းမှန်လမ်းမှန်နည်းပေးလမ်းပြမှုဖြင့် တိုင်းရင်းကြက်မွေးမြူရေးကို စနစ်တကျမွေးမြူထုတ်လုပ်ပါက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သော မွေးမြူရေးလုပ်ငန်းဖြစ်ပေသည်။

တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းများသည် အချိန်တိုကာလအတွင်း ရင်းနှီးမြှုပ်နှံငွေပြန်လည်ရရှိနိုင်ခြင်း၊ မိမိတို့ဒေသအတွင်းရှိ တိုင်းရင်းကြက်မျိုးများ၏ ထုတ်လုပ်နိုင်မှုစွမ်းရည်သည် စနစ်တကျမွေးမြူထုတ်လုပ်ပါက ပုံမှန်သိရှိထားသည်ထက်များစွာသာလွန်ကောင်းမွန်ခြင်း၊ အသားနှင့်ဥများ၏ အနံ့အရသာများမှာ မွေးမြူရေးကြက်ဥ၊ ကြက်သားများထက် လူကြိုက်များပြီး ထုတ်ကုန်တန်ဖိုးပိုမိုမြင့်မားခြင်းတို့ကြောင့် ယခုအချိန်ကာလတွင် တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းသည် မွေးမြူရန်အခွင့်အလမ်းပိုမိုကောင်းမွန်လျက်ရှိသည်။

တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်း ပိုမိုတိုးတက်အောင်မြင်စေရန် ကြက်ခြံဆောက်လုပ်ပေးရမည်။ ညအိပ်ရန်၊ ခွေး၊ ကြောင်၊ ငှက်၊ သားရဲတိရစ္ဆာန်တို့ရန်မှကာကွယ်ရန်နှင့် ရာသီဥတုဒဏ်မှကာကွယ်ရန်ဖြစ်သည်။ တိုင်းရင်းကြက်များသည် ကိုယ်တိုင်ရှာဖွေစားသောက်နိုင်သော်လည်း စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ထမင်း(သို့)ရောစပ်စာ၊ အစာစိမ်း၊ ဒေသအလိုက်ရရှိနိုင်သော ပိုးစာရွက်၊ ဘောစကိုင်းရွက်၊ ကန်စွန်းရွက်၊ ဗေဒါရွက်၊ ဟင်းသီးဟင်းရွက်တို့ကိုလည်း ဖွဲနု၊ ဆန်ကွဲ၊ ပဲဖတ်တို့ဖြင့် ရောစပ်ကာ အစာခွက်ဖြင့်ကျွေးမွေးနိုင်သည်။

သန့်ရှင်း၍ လတ်ဆတ်သော အစာနှင့်ရေရရှိရေးသည် မွေးမြူရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပေသည်။ သန့်ရှင်းသော အစာနှင့်ရေရရှိရေးအတွက် သန့်ရှင်းသော အစာခွက်၊ ရေခွက်အသုံးပြုရေးသည်လည်း အရေးကြီးလှပေသည်။

တိုင်းရင်းကြက်များသည် မြန်မာနိုင်ငံအနှံ့အပြားဒေသအသီးသီး၏ ရာသီဥတုပတ်ဝန်းကျင်အခြေအနေနှင့်ယှဉ်ပါးပြီးဖြစ်ကာ မိဘ၊ ဘိုးဘွားလက်ထက်အစဉ်အဆက်မွေးမြူခဲ့ကြသော ဒေသကြက်မျိုးများဖြစ်သည်။ တိုင်းရင်းကြက်မွေးမြူရေးတွင်-

"ကြက်မကိုးကောင် ကိုးလရောင်
တစ်နေ့တစ်ကောင်စားသုံးမျိုးမတုံး" ဆိုသော စကားရှိသည်။ စနစ်တကျမွေးမြူမှသာလျှင် ဆိုရိုးစကားနှင့်ကိုက်ညီသော အကျိုးကျေးဇူးကိုခံစားရမည်ဖြစ်သည်။

တိုင်းရင်းကြက်မွေးမြူရေးတွင် ဥတင်းများထားရှိပေးရမည်။ ကြက်ခြံ၏ မှောင်၍ ထောင့်ကျသော နေရာတွင် ဥတင်းကိုမြေပြင်မှ ၁ ပေခွဲအကွာတွင် ကောက်ရိုး၊ မြက်ခြောက်ခင်းပြီး ခိုင်ခိုင်မြဲမြဲထားပေးရမည်။ ကြက်မတစ်ကောင်လျှင် ဥတင်းတစ်ခုနှုန်းထားပေးရမည်။ ဝပ်ကြက်မ သားပေါက်ပြီးပါက ကြက်များ၏ ကျန်းမာရေးအခြေအနေကို နေ့စဉ်စစ်ဆေးပေးရမည်။ အထူးသဖြင့် တိုင်းရင်းကြက်များအိပ်တန်းဝင်နေချိန်နှင့် အစာကျွေးချိန်တွင် သေချာစစ်ဆေးပေးရမည်။

တိုင်းရင်းကြက်မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်စေသော အတားအဆီးမှာ ကြက်လည်လိမ်ရောဂါဖြစ်ပွားမှုဖြစ်သည်။ မှိုင်ကုပ်ပြီး ရက်ပိုင်းအတွင်း ကြက်တစ်အုပ်လုံးဆုံးရှုံးနိုင်သည်။ ကြက်ဝမ်းကျရောဂါသည် ဒုတိယဆုံးရှုံးမှုများသောရောဂါဖြစ်သည်။ ကြက်အသက်အရွယ်မရွေးဖြစ်ပွားကာ ဆုံးရှုံးမှုများတတ်သည်။ ကြက်ငယ်ကလေးများ ညအချိန်တွင် ခြင်ကိုက်ရာမှ မျက်ခွံတွင်အနာဖြစ်ပြီး ကြက်ကျောက်ရောဂါလည်းဖြစ်ပွားတတ်သည်။ ၎င်းရောဂါများကို ကာကွယ်ဆေးပေးခြင်းဖြင့် အပြည့်အဝကာကွယ်နိုင်သည်။ သန်ကောင်များကြောင့်လည်း ထုတ်လုပ်မှုကျဆင်းတတ်သဖြင့် သန်ချဆေးများကိုလည်း ပုံမှန်တိုက်ကျွေးပေးရန် လိုအပ်သည်။

မှတ်တမ်းများထားရှိခြင်းသည် တိုင်းရင်းကြက်မွေးမြူရေးတွင် ကြက်မျိုးရွေးချယ်မှုကို အထောက်အကူဖြစ်စေသည်။ ကြက်မတစ်ကောင်ချင်းအလိုက် ဥနှုန်း၊ သားပေါက်နှုန်း၊ ကြီးထွားနှုန်း၊ အစာစားနှုန်း တို့ကိုမှတ်တမ်းထားမှသာ မျိုးကြက်ရွေးချယ်ခြင်းနှင့် ပယ်ခြင်းများပြုလုပ်နိုင်ပြီး အကျိုးသက်ရောက်မှုကို ဆန်းစစ်နိုင်မည်ဖြစ်သည်။

တိုင်းရင်းကြက်မွေးမြူရေးကို မိရိုးဖလာ နည်းဖြင့်သာ မွေးမြူနေကြသဖြင့် တိုးတက်မှုနှောင့်နှေးနေပေသည်။ နည်းစနစ်တကျမွေးမြူမည်ဆိုပါက မျိုးထိန်းသိမ်းခြင်းနှင့်ကြီးထွားနှုန်း၊ ထုတ်လုပ်မှုအမြင့်မားဆုံးရရှိစေရန် ဆောင်ရွက်နိုင်ပြီး ပြောင်းလဲလာသော သဘာဝပတ်ဝန်းကျင်ရာသီဥတုအခြေအနေများတွင် လိုက်လျောညီထွေဖြစ်စေနိုင်

တိုင်းရင်းကြက်ရောဂါကာကွယ်ဆေးများ

စဉ်	ကာကွယ်ဆေးအမည်	ဆေးထိုးနိုင်သည့် အသက်	ထပ်မံထိုးရမည့် အချိန်	ဆေးဖျော်စပ်ပုံ	အသုံးပြုရမည့် ပမာဏ
၁	ကြက်လည်လိမ်မျက်စဉ်းဆေး I_2	(၁၀)ရက်အထက်	(၄)လတစ်ကြိမ်	ပုံမှန်ဆေးရည်	တစ်စက်
၂	ကြက်တောင်ပံခြစ်ကျောက်ဆေး	(၆)လအထက်	(၆)ပတ်တစ်ကြိမ်	ပုံမှန်ဆေးရည်	ကျောက်ဆေးထိုးအပ်ဖြင့်တစ်ချက်
၃	ကြက်ကျောက် M Stain	(၁-၃)ပတ်	-	ဂလစ်စရင်းဆားရည်	ကျောက်ဆေးထိုးအပ်ဖြင့်တစ်ချက်
၄	ကြက်ကျောက် S Stain	(၆)ပတ်အထက်	လိုအပ်လျှင် (၆)လတစ်ကြိမ်	ဂလစ်စရင်းဆားရည်	ကျောက်ဆေးထိုးအပ်ဖြင့်တစ်ချက်

(ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းသည် အထိရောက်ဆုံးဖြစ်ပါသည်။)

ဥတင်းထဲမှကောက်ရိုး၊ မြက်ခြောက်များကို စွန့်ဖယ်၍ မီးရှို့ပစ်ရမည်။ ကြက်သန်း၊ လေးများမတွယ်ကပ်စေရန်ကြက်ခြံအတွင်း ဥတင်း၊ အိပ်တန်းအကြိုအကြားနေရာများကို ဆေးရွက်ကြီးထည့်ခြင်း၊ ဆေးရွက်ကြီးစိမ်ထားသောရေဖြင့် ပက်ဖျန်း၊ သုတ်လိမ်းပေးခြင်းတို့ကို ပြုလုပ်ရမည်။ ကြက်ငယ်လေးများပေါက်လာပါက သီးသန့်အနွေးပေးမွေးမြူခြင်းဖြင့် ကြက်မများတစ်နှစ်လျှင် သုံးကြိမ်မှလေးကြိမ် သားပေါက်ရာမှငါးကြိမ်မှခြောက်ကြိမ်အထိ ပိုမိုပေါက်ပွားနိုင်ပြီး ခွေး၊ ကြောင်၊ ကျီး၊ စွန် စသည်တို့ကြောင့် ပျက်စီးဆုံးရှုံးခြင်းမှကာကွယ်နိုင်သည်။

တိုင်းရင်းကြက်မွေးမြူရေးခြံကို နေ့စဉ်သန့်ရှင်းရေးပြုလုပ်ပေးရမည်။ သန့်ရှင်းရေးပြုလုပ်ချိန်တွင် ကြက်ချေးအရောင်နှင့် ဖွဲ့စည်းပါဝင်မှုကိုကြည့်ရှုပြီး သည့် မျိုးသစ်များထွက်ပေါ်လာစေရန်နှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရေးအသွင်ဖြစ်လာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း မိမိတို့နိုင်ငံဒေသအသီးသီးရှိ ဒေသကြက်မျိုးများကို ပြန်လည်ဖော်ထုတ်မွေးမြူနေကြသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း တိုင်းရင်းကြက်များကို စနစ်တကျမွေးမြူခြင်းဖြင့် အစားအစာပြည့်စုံဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံရေးအတွက်အသားကဏ္ဍာဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကာ နိုင်ငံတော်၏ စားရေရိက္ခာပြည့်စုံဖူလုံရေးတွင် အရေးပါသောမွေးမြူရေးလုပ်ငန်းဖြစ်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပြည်ပပို့ကုန် မြှင့်တင်ရေးဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၆

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီတို့ ကြီးမှူးကျင်းပသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ နေပြည်တော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ အသင်းတို့မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြား၍ တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ၊ GACC ပို့ကုန်ဆိုင်ရာစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ ပြည်တွင်းစားသုံးဆိုထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသည့်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဟုန်းပန်းကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ကျိုးရှောင်ဖုန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ တွေ့ဆုံပြီး နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ၂၀၂၅ ခုနှစ်သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များရရှိကြသည့် နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ်သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၆

"ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ" (Workshop on Mastering Government Communication: Empowering Spokespersons for Effective Public Engagement) ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ အာဆီယံအဖွဲ့ဝင်ကမ္ဘောဒီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ မြန်မာ၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဆွေးနွေးပွဲလေ့လာသူအဖြစ်တက်ရောက်သည့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲ ပထမနေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက အစိုးရပြောရေးဆိုခွင့်ရှိသူများ တတ်ကျွမ်းမှုနှင့် စိန်ခေါ်မှု၊ သက်ဆိုင်ရာနိုင်ငံအလိုက် အစိုးရပြောရေးဆိုခွင့်ရှိသူများ၏ အခန်းကဏ္ဍ၊ မီဒီယာအခင်းအကျင်းနှင့် သတင်းတု သတင်းမှား ကိုင်တွယ်ဖြေရှင်းမှုပုံစံများကို နိုင်ငံအလိုက်တင်ပြဆွေးနွေးကြသည်။

ထို့နောက် သင်တန်းဆရာများက ဦးဆောင်၍ ဆွေးနွေးပွဲတက်ရောက်လာကြသူများသည် လူထုနှင့်ဆက်သွယ်သတင်းစကားပေးခြင်းနှင့်သုတေသနပြုခြင်းဆိုင်ရာ အကြောင်းအရာများ၊ အသံတည်းဖြတ်ခြင်းဆိုင်ရာ၊ မီဒီယာနှင့် ဆက်သွယ်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ တွေ့ဆုံမေးမြန်းခြင်းနှင့် ချိတ်ဆက်ဆက်သွယ်ခြင်းဆောင်ရွက်ရာတွင် သတိပြုရမည့်အချက်များ၊ လုံခြုံရေးအဆင့်အတန်း သတ်မှတ်ထားသော သတင်းအချက်အလက်များကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် စိန်ခေါ်မှုဖြစ်စေသည့် အကြောင်းအရာများကို ဆက်သွယ်ဖြေရှင်းခြင်းစသည့် အကြောင်းအရာများကို လက်တွေ့လေ့ကျင့်ခန်းများဖြင့် ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်တာကျင်းပသွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံဒေသတွင်းရှိ အစိုးရပြောရေးဆိုခွင့်ရှိသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် မီဒီယာနှင့် အစိုးရတာဝန်ရှိသူများအကြား ထိထိရောက်ရောက် ဆက်သွယ်ပြောဆိုနိုင်ရန်၊ အဓိကကျသည့် သတင်းစကားများ ဖြန့်ဖြူးပေးပို့နိုင်ရန်နှင့် အစိုးရနှင့် ပြည်သူလူထုအကြား ယုံကြည်မှုတည်ဆောက်ရန် သာမက အကျပ်အတည်းအခြေအနေများကိုကိုင်တွယ်ဖြေရှင်းရန်အတွက် လိုအပ်သောကျွမ်းကျင်မှုနှင့် အသိပညာများဖလှယ်နိုင်ရန်ရည်ရွယ်ပြီး အာဆီယံပြန်ကြားရေးဆပ်ကော်မတီ၏ စီမံကိန်းတစ်ခုအဖြစ် အာဆီယံယဉ်ကျေးမှုရန်ပုံငွေအထောက်အပံ့ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီစဉ်ကျင်းပခြင်းဖြစ်သည်။

(သတင်းစဉ်)

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်မြို့တွင်အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ တစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်



ရန်ကုန် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါကနိုင်ငံသားများအပေါ် အလေးအနက်ထားတန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ သက်ဆိုင်ရာနိုင်ငံရှိမြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအိရွှေစင်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဌာနသက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ရီရတ်-မတ်စကတ်-ဘန်ကောက်-ရန်ကုန်လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၆ ရက် နံနက် ၁၀ နာရီ ၃၃ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများကိုကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ဓာတ်ပုံ-ကနူး၊ ညိမ်းသူ(သတင်းစဉ်)**

❑ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းမှ

နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်းရှိအရှေ့ဘက် သံလမ်း(၂)ပေခန့်နှင့်(၁၀)ပေအကွာတွင် အနောက်ဘက်သံလမ်း (၂)ပေခန့် (၂)နေရာပြတ်တောက်၍ ကွန်ကရစ်ဧလီဖား ၁၀ တုံးပျက်စီးခဲ့ကြောင်း သိရှိရပါသည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး အစုန်လမ်း၏ ပြတ်တောက်သွားသော သံလမ်း(၂)ချောင်းအားလဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို နေ့လယ် ၁၁ နာရီ ၂၀ မိနစ်အချိန်စတင်ဆောင်ရွက်ခဲ့ရာ နေ့လယ် ၃ နာရီ ၃၀ မိနစ်အချိန်တွင် အစုန်ရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်၍ ရထားများပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိပါသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် အမှတ်(၉၀၂-A)အစုန်ကုန်ရထားသည် ပဲခူးယိမ်းကုန်းဘူတာသို့ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင် လည်းကောင်း၊ အမှတ်(၉၀၂-B)အစုန်ကုန်ရထားသည် ကညွတ်ကွင်းဘူတာသို့ ညနေ ၆ နာရီ ၂၀ မိနစ်ခန့်တွင်လည်းကောင်း၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ အမှတ်(၉၂၃-B) အဆောက်အဦနှင့်ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၁၆)ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **မြန်မာ့မီးရထား**



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် ပိန်းဇလုပ်ဘူတာအကြား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ပျက်စီးသွားသည့်အစုန်ရထားလမ်းအား ပြန်လည်ပြုပြင်နေမှုကိုတွေ့ရစဉ်။





တော်ဝိ-ပိန်းဇလုပ် အစုန်လမ်းပိုင်းအား ပြန်လည်ပြုပြင်ပြီး ရထားများဖြတ်သန်းနေမှုကိုတွေ့ရစဉ်။

● ကျောဖုံးမှအဆက်

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ KK Park နှင့် မယ်ထော်သလေးနယ်မြေများတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၀၀ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက ပြန်လည်လွှဲပြောင်းပေးရန် အသင့်ဖြစ်နေသည့် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာထိန်းသိမ်းထားရှိမှုနှင့် ယနေ့ထပ်မံထိန်းသိမ်းခဲ့သည့်ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၂၇၃၈ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၀၆၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဖွင့်

ပူတာအို ဖေဖော်ဝါရီ ၂၆

ကချင်ပြည်နယ် ပူတာအိုခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီလ ၂၅ ရက်က ပူတာအိုမြို့နယ် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village)အကောင်အထည်ဖော်ဆောင်ရွက်သည့် မူလာအွန်ကျေးရွာရှိ ချမ်းသာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ပူတာအိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်က သင်တန်းတွင်အသုံးပြုမည့် သင်တန်းသုံးလုပ်ငန်းပစ္စည်းများကို သင်တန်းသားများကိုယ်စား သင်တန်းသားနှစ်ဦးထံလွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် မူလာအွန်ကျေးရွာမှ သင်တန်းသား ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် မော်တော်ဆိုင်ကယ်အစိတ်အပိုင်းများနှင့် အလုပ်လုပ်ပုံ၊ ကာဗျူရေတာဖြုတ်/တပ်စစ်ဆေးခြင်း၊ အင်ဂျင်ဟက်နှင့်အင်ဂျင်ဘလောက်များဖြုတ်/ တပ်စစ်ဆေးခြင်း၊ သံလိုက်အုံနှင့် ကလပ်အုံဖြုတ်/တပ်စစ်ဆေးခြင်း၊ ဂီယာဘောက်ဖြုတ်/ တပ်စစ်ဆေးခြင်း၊ မော်တော်ဆိုင်ကယ် မီးပေးစနစ်အလုပ်လုပ်ပုံများနှင့် သွယ်တန်းခြင်းများကို ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ သင်တန်းနည်းပြများက ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၂၆ ရက်အထိ သင်တန်းကာလတစ်လကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိုး ထစ်ချုန်း ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/၈လ)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပေါ် ချီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံး ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပေါ် ချီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံး ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌအား ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး စွမ်းဆောင်မှုအကောင်းဆုံး ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လွှမ်းခြုံမှုအကောင်းဆုံး ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်မှ အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ဥက္ကဋ္ဌများ၊အတွင်းရေးမှူးများ၊ခရိုင်ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာဖြင့် ထဲထဲဝင်ဝင် အစဉ်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရေးဆွဲခဲ့သည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း(၂၀၂၃ - ၂၀၃၂) ၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံအမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကင်းဝေးလျော့ကျရေး၊ သဘာဝဘေးနှင့် အရေးပေါ်အခြေအနေများအပေါ် ပံ့ပိုးဆောင်ရွက်ပေးရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားလာစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီးများ၏ ဘဝရပ်တည်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍများတွင် သာမက နိုင်ငံတကာနှင့် ဒေသတွင်း အမျိုးသမီး အရေးဆိုင်ရာကိစ္စရပ်များတွင်လည်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အနေဖြင့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံတကာ ကတိကဝတ်များ၊ အာဆီယံလုပ်ငန်းစဉ်များတွင်လည်း အတူပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရပြီး ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၁ ကျောင်း ဖွင့်လှစ်ထားရှိပြီး ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် သဘာဝဘေး၊ လူကြောင့် ဖြစ်သည့် ဘေးဖြစ်ပွားရာ ဒေသများတွင် ရှိသည့် ယာယီခိုလှုံရေးစခန်းနှင့် IDP Camp များမှ ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းလုပ်ငန်းအစီအစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဧပြီလမှ ဇန်နဝါရီလအထိ အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းသင်တန်းများကို ၁၇၆ ကြိမ်၊ သင်တန်းတက်ရောက်သူ ၄,၂၂၂ ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး ၅၉၄ ဦးကို အလုပ်အကိုင် ချိတ်ဆက်ပေးနိုင်ခဲ့ကြောင်း။

အမျိုးသမီးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်နိုင်မှုသည် အရေးကြီးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ ရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အားလုံးဝိုင်းဝန်းပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင်လည်း အားလုံးတက်ကြွစွာ ပါဝင်ဆွေးနွေးပြီး ကောင်းမွန်သည့်ရလဒ်ကောင်းများရရှိကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပေါ် ခြီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံး ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် အထူးဆုရရှိသည့် ကချင်ပြည်နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများနှင့် ဥက္ကဋ္ဌတို့က စွမ်းဆောင်မှုအကောင်းဆုံး ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ဂုဏ်ပြုဆု၊ အထူးဆုနှင့် လွှမ်းခြုံမှုအကောင်းဆုံး ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အထူးဆုနှင့် ချီးမြှင့်ပုံပိုးမှုဆုတို့ရရှိကြသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ ဥက္ကဋ္ဌများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်ဇင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ (၁) တို့က သဘာပတိအဖြစ် ဆောင်ရွက်ကာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကိုတင်ပြကြရာ တင်ပြချက်များအပေါ် သဘာပတိများက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်းနှင့် အဆိုပါ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီလ ၂၇ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့်ဖွင့်လှစ်သည့် ဟိုင်းကြီးကျွန်းမြို့သံကြိုးလမ်းကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားတက်ရောက်



ပုသိမ် ဖေဖော်ဝါရီ ၂၆

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတော်မြို့နယ် ကျောက်ချောင်းကျေးရွာအုပ်စု သံကြိုးလမ်းကျေးရွာတွင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့သည် လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ ယင်းနောက် ကွန်ကရစ်လမ်းသစ်ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဒေသခံပြည်သူများအား ရင်းရင်နှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါလမ်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်သောလမ်းဖြစ်ပြီး လမ်းအရှည်ပေ ၁၀၅၅၊ အကျယ် ၁၀ ပေနှင့် ထု ၆ လက်မရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကျောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဝိရိယထားကြိုးစားအားထုတ်ပါက အောင်မြင်မှုများရရှိမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ လိုအပ်ချက်များ တင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကျောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရင်ခွင်ဦးဆောင်တွင် စဉ်ဆက်ပညာရေးလုပ်ငန်းအဖြစ် ကျေးလက်နေတိုင်းရင်းသားပြည်သူများအား စာပေသင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကြောင်း သိရသည်။

(၅၀၀)

၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(လေ)အဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ



၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(လေ)အဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၆

၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(လေ)အဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြေပြင်အတတ်သင်လေတပ်စခန်းဌာနချုပ်ရှိ စက်မှုလက်မှုအတတ်သင်ကျောင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မြေပြင်အတတ်သင်လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီးကျော်အောင်နှင့် တာဝန်ရှိသူများက အရာရှိ၊ အရာခံ၊ အကြပ်အဆင့် ရေးဖြေဖြေဆိုမှုနှင့် တပ်သားအဆင့် နှုတ်ဖြေဖြေဆိုမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါစစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား စုစုပေါင်း ၄၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

200 more foreign nationals illegally entering Myanmar detained

NAY PYI TAW February 26

The government has been actively collaborating with international partners to effectively crack down on illegal activities, including online gambling, online scams, and other criminal offenses.

Particularly, foreign nationals who have illegally entered and resided in border areas, engaging in online gambling and online scam operations, are being investigated, identified, and systematically deported to their respective countries in accordance with legal procedures.

In the ongoing investigations, today, an additional 200 foreign nationals were detained. These individuals had illegally entered Myanmar through border routes, transiting through neighboring countries, and were involved in illegal online gambling and online scams in areas such as Myawady, Shwe Kokko, KK Park, and Mehtaw Thalay in Kayin State. Authorities are now collecting necessary personal information and records to facilitate their swift repatriation to their respective countries, with interdepartmental teams working around the clock to complete the process.

During the operations, Kayin State Government's Minister for Security and Border Affairs, Colonel Min Thu Kyaw, and other officials inspected the detention facilities where the foreign nationals are being held. They reviewed the personal details and records of the newly detained individuals and coordinated necessary measures for their repatriation.

From January 30 to February 26, 2025, a total of 2,738 foreign nationals who illegally entered Myanmar have been identified and detained. Of these, 673 have already been repatriated to their respective countries via Thailand, following legal procedures. The remaining 2,065 foreign nationals are ready to be transferred to their respective countries and are being held in proper custody. **100**



Additional 200 foreign nationals illegally entering the country detained.

Green gram planted in monsoon reaped in Monywa Township

MONYWA February 26

Monywa Township Agriculture Department of Sagaing Region mentioned that a total of 10,872 acres of green gram has been harvested in the township.

Local farmers planted 10,872 acres of green gram in monsoon. They started harvest of crops in August. So far, they have reaped 672 acres of pre-monsoon green gram, yielding 16.50 baskets per acre and 10,300 acres of monsoon green gram, producing 10.16 baskets per acre.

U Soe Thet Aung, Head of Monywa Township Agriculture Department, commented: "A total of 10,872 acres of croplands has been placed under green gram. So far, local farmers have harvested all sown acreage. They exceeded cultivation of green gram more than the target cultivation. We urged local farmers to expand sown acreage of green gram with provision of quality strains of crops."

This year, officials of the Township Agriculture Department assisted in use of quality strains of crops, applying agricultural techniques and prevention of pests and systematic broadcasting of fertilizers to boost per-acre yield of crops.

Township authorities provided quality seeds, agricultural inputs and post-harvest technology to local farmers.

SMK

Potato from Shan State marketable in Maubin Township

MAUBIN February 26

Potato which flows from Shan State into the market in Maubin Township of Ayeyawady Region is marketable, said Daw Ni Ni Win, the owner of foodstuff trading wholesale centre in Maubin Township.

Potato from Shan State regularly flows into domestic markets in Maubin Township of Ayeyawady Region. Starting from the second week of November, trading of these potatoes have been notably booming in Maubin Township, fetching Ks-750,000 per 100 viss.

Daw Ni Ni Win, unveiled: "This year, yield of potato in Maubin Township is lesser. So, prices of potatoes double in Maubin Township rather than last year. Potato fetched Ks-350,000 per 100 viss in the previous year but Ks-750,000 per 100 viss this year. At present, trading of potato is good. The market in trading of potato is booming. Merchants are trading some 100 viss of potatoes daily."

Thanks to good trading of potato, local merchants and those in trading chain are convenient in their livelihoods.

SK

Seikpyu onions receive strong demand in Mandalay market

MANDALAY February 26

The onions produced from Seikpyu Township are receiving good demand in the Mandalay market, said Daw May Thae Swe, owner of the Aung onion and potato wholesale center.

In the Mandalay market, onions from Seikpyu Township have been continuously purchased.It is reported that the purchase of onions from the domestic market as well as from abroad has also increased.

"In the Mandalay market, there are many traders who are currently buying the onions from the Seikpyu. In the local market, the onions from Seikpyu have received good demand recently," she continued.

"Among the onions entering the Mandalay market, there are onions from Taungtha and Pakokku as well, in addition to onions from Seikpyu. Onions from Seikpyu are in the best trading position in the Mandalay market. Onions from the Myingyan and Taungtha are also trading as usual," she continued.

SMK

Indaw Township plants over 10,000 acres of winter sunflowers

INDAW February 26

A total of 10,950 acres of sunflowers have been planted during this year's winter crops planting season in Indaw Township, Katha District, Sagaing Region, according to statistics from the Department of Agriculture for Indaw Township.

During the 2024-2025 winter crops planting season, 10,965 acres of sunflowers are planned to be planted in Indaw Township, and since October 2024, 10,950 acres have been planted.

"In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oil-producing crop. Sunflower produces more oil per acre than peanuts and sesame. Sunflower is mainly planted in the winter rather than in rainy season," said U Thein Khaing, head of Department of Agriculture for Indaw Township.

It is reported that the township Department of Agriculture is speeding up the educational courses for the expansion of sunflower cultivation in Indaw Township and for the staff and the farmers who will grow sunflowers for high performance.



SK

Monywa Township grows over 6,000 acres of winter peanuts

MONYWA February 26

A total of 6,775 acres of peanuts have been planted during this year winter crops planting season in Monywa Township, Monywa District, Sagaing Region, according to statistics from Department of Agriculture for Monywa Township.

During the 2024-2025 winter crop plantings season, 6,850 acres of peanuts have been planned to be planted in Monywa Township, and since October 2024, 6,775 acres have been planted.

In Monywa Township, one acre of peanuts is planted with half a basket of seeds, and it is reported that it cost more than Ks-200,000 including the cost of seeds, labour costs, fertilizer and pesticide costs, and if one acre is planted, it yields more than 50 baskets.

SMK

Kyaiklat Township sends 72,000 visses of tilapia fish to Yangon market



KYAIKLAT February 26

Local merchants and fishermen from Kyaiklat Township of Ayeyawady Region sold 72,000 visses of tilapia fish to Yangon market said Daw Phyo Phyo, the owner of fishery product trading wholesale centre in Kyaiklat Township.

These wholesale centres in Kyaiklat Township purchase fishery products from local fishermen and sell them in systematic processing and packaging to Yangon market.

Daw Phyo Phyo remarked: "Merchants emphasize sale of fishery products to Yangon market. Now, Yangon market raises demand to purchase tilapia from Kyaiklat Township. So, merchants sell a large volume of fish to Yangon. Hence, local fishermen arrange to expand breeding of fish in their farms. Price of fish is stable at the market."

Fishermen and fish farmers sell tilapia from natural water and farming ponds to the market.

SMK

Saltwater prawn farming to be expanded in Taninthayi Region

MYEIK February 26

Prawns are exported to China in a boiled form and to Japan in a frozen form. To increase export capacity, breeders aim to focus more on farming rather than relying solely on marine capture.

"To penetrate international markets, it is crucial to raise global awareness of Panamei saltwater prawns. During the 2024-2025 monsoon season, the salinity levels in breeding farms decreased, which slowed prawn growth and led to some disease outbreaks. As a result, prawn farmers are planning to scale back production during the monsoon season of 2025-2026 and increase farming during the summer months. With expanded farming, export volumes are expected to rise. We also anticipate further growth in international market demand," said U Thet Soe, Secretary of the Taninthayi Region Fisheries Federation.

Moreover, as Myanmar annually imports prawn larvae and feed from Thailand, producers are trying to establish domestic hatcheries working with technical support of the government. This effort aims to ensure long-term benefits for both the country and local producers.

In the Taninthayi Region, Panamei white prawns are farmed on 2,217.56 acres using the Good Aquaculture Practices (GAqP) system in Dawei, Kyunsu, Palaw and Kawthoung townships.

SK

Some endangered migratory bird species arrive at the Inle Lake region in this winter

YANGON February 26

Endangered migratory bird species and forest migratory birds are arriving at the Inle Lake Wildlife Sanctuary, according to the sanctuary's warden office.

Regular monthly bird species surveys and inspections are being conducted within the Inle Lake natural conservation area and surrounding areas. According to records from last month's survey, a total of 375 species were recorded, including 273 species of forest birds and 102 species of waterbirds.

Among the 102 waterbird species in the Inle Lake region, 41 species were identified as migratory birds, while 12 species were recorded as forest migratory birds. Some of these migratory birds are classified as endangered species, including the Baer's Pochard (critically endangered), Sarus Crane (which faces potential endangerment), Common Pochard, Northern Lapwing, Ferruginous Duck (near-threatened) and Black-headed Ibis.

Amidst the forest migratory birds, species facing global extinction threats include the Yellow-breasted Bunting, with over 500 population recorded, and the Grey-headed Parakeet, with approximately 100 individuals observed.

The Inle Lake Wildlife Sanctuary is a wetland conservation area that includes Inle Lake, Sanka Lake, Pekhon Lake, and the Balu Creek. In 2018, the Inle Lake section was designated as Myanmar's fifth Ramsar site and is part of the East Asia-Australasia Flyway Network.

SK

Russian, U.S. officials to meet Thursday in Istanbul for work of embassies: FM

DOHA February 26

Russian and U.S. officials will meet in Türkiye's Istanbul on Thursday to discuss issues concerning the operation of their two countries' embassies, Russian Foreign Minister Sergei Lavrov announced here on Wednesday at a press conference.

Lavrov said the meeting would focus on creating better conditions for diplomatic missions in both countries and addressing rows over staffing levels and properties of the missions.

The agenda for the upcoming meeting, as explained by Lavrov, indicates that the two sides will first seek to remove technical barriers to diplomatic relations before moving toward other ambitious goals.

The top Russian diplomat also emphasized Moscow's efforts to end the conflict with Ukraine, noting that dialogue between concerned parties would contribute to achieving a ceasefire.

Lavrov arrived Tuesday night in Doha for a visit, as part of his Middle East working trip. Following his meeting with Qatari Emir Sheikh Tamim bin Hamad Al Thani, Lavrov stated that their discussions focused on the latest developments in the Middle East, particularly in the Palestinian territories and Syria.

"We have emphasized to the United Nations the need to lift sanctions on Syria, as they are harming the Syrian people. We know that the current Syrian administration is ready to cooperate and stabilize the situation in the country in a balanced manner," Lavrov said.

He also warned that the displacement of Palestinians would turn the regional situation into a ticking time bomb.

In addition, the talks between Lavrov and the emir touched on bilateral relations and cooperation in energy and investment, according to a statement by the Emiri Diwan, the administrative office of the Qatari emir.

Xinhua

Several injured in shooting in Bielefeld, Germany



BERLIN February 26

Several people were injured in a shooting outside a courthouse in the western German city of Bielefeld on Wednesday afternoon, local media reported.

Police have launched a manhunt for the attackers. "We are in the city center ... as part of a larger police operation," North Rhine-Westphalia police said on the social media platform X.

According to Radio Bielefeld, three people were injured.

The attacks were reportedly targeted at people connected to a trial which is underway in the local court.

Xinhua

Judge gives Trump two days to unfreeze foreign aid – media

WASHINGTON February 26

A US federal judge has given the administration of President Donald Trump less than two days to release billions of dollars in already approved foreign aid frozen last month, multiple media outlets have reported.

Trump froze most US foreign aid funding on his first day in office to have it reviewed for compliance with his "America first" goals. The move comes amid a broader crackdown on wasteful government spending.

District Judge Amir H. Ali first issued a temporary restraining order (TRO) on February 13, demanding the Trump administration release the funds for loans and contracts that had been frozen by presidential order since last month. In a follow-up hearing last week, government lawyers argued that the administration was complying with the TRO, claiming it left them room to cancel and suspect contracts while they were reviewed.

In a telephone session on Tuesday, the judge alleged that the administration had shown no sign of complying with his TRO. Ali ruled that the Trump administration must pay out foreign aid funds to grant recipients and contractors by 11:59 p.m. on Wednesday night, Reuters wrote on Tuesday.

The plaintiffs in the lawsuit, which include NGOs and companies with government contracts, have argued that they have had to lay off employees, shut down programs and risk closing down entirely as a result of Trump's aid freeze. The NGOs allege that the government has denied them tens of millions of dollars in funds from the State Department and the US Agency for International Development (USAID), Washington's primary means of funneling funds towards political projects abroad.

USAID, which spends around US$-40 billion a year on foreign assistance, became one of the first targets for Trump's government efficiency czar, Elon Musk, and the newly-formed Department of Government Efficiency.

Both Trump and Musk have painted USAID as riddled with corruption and called for the agency to be dismantled.

RT

Russian forces take control over Orlovka, Pogrebki settlements in Kursk Region

MOSCOW February 26

The Russian armed forces have control over the settlements of Orlovka and Pogrebki in the Kursk Region, the Russian Defence Ministry said on Wednesday. "Units of Battlegroup Sever have liberated the settlements of Orlovka and Pogrebki during offensive operations," the ministry said in a statement.

The Ukrainian armed forces have lost more than 270 soldiers in the Kursk direction in the past day, the Russian Defense Ministry said. **Sputnik**

Arab League condemns Israeli raids in Syria



CAIRO February 26

Arab League (AL) Secretary-General Ahmed Aboul-Gheit on Wednesday strongly condemned the recent Israeli raids on the Syrian territories.

In an AL statement, Aboul-Gheit described the Israeli attacks as "reckless provocations and escalation that exploited the political transition in Syria to establish an illegal and illegitimate reality."

He noted that any Israeli occupation of Syrian territories constitutes a clear violation of international law, calling on the international community for further condemnation.

Israeli airstrikes intensified in southern Syria on Tuesday night, targeting multiple military sites, following Israeli Prime Minister Benjamin Netanyahu's recent remarks calling for the "full demilitarization of southern Syria."

The Syrian interim government denounced the attacks, calling them a blatant violation of Syria's sovereignty. **Xinhua**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Experts suggest shock cause of rising severe, disabling illness... they say it's microplastics in WATER



Experts say you can cut your exposure to microplastics by swapping out plastics in your home for natural materials, metal and glass.

Microscopic pieces of plastic in water have been linked to increased risk of physical and mental disabilities in worrying new research.

Experts suggest tiny pieces of plastic, called microplastics, could be entering the body through the environment and damaging the brain and nervous system.

In a study, researchers compared the concentration of microplastics in seawater in more than over 200 locations in America.

They found areas with the highest levels had increased rates of mental and physical disabilities in the population.

While the experts didn't name the conditions, people living in these areas had a 16 percent higher risk of having a disability that prevented them looking after themselves.

The finding come amid reports of rising numbers of Britons and Americans suffering chronic, disabling illness.

In the past year alone, people with a long-term health condition rose by two percent, which those classified as disabled rose by three per cent, UK Government data show.

The experts admitted that the new study cannot directly prove microplastics are causing the increased rate of disabilities, and said further research was needed.

However the scientists said the increased risk remained even when factors like differing rates of heart disease and stroke, which might otherwise explain the results, were accounted for.

Dr Sarju Ganatra, Lahey Hospital and Medical Center in Burlington, Massachusetts, and an author of the study, said the findings provided important insight into how marine microplastics could be harming people's brains.

People in high microplastic areas also had a nine per cent higher chance of having a mental condition that caused them to have problems with thinking and their memory.

And they had a six percent higher chance of having a disability that impaired their ability to move.



Scientists, who compared levels of tiny pieces of plastic in water across different parts of the US, found the areas with the highest levels had increased rates of mental and physical disabilities.

Lastly, experts found people living in microplastic dense areas had an eight percent higher chance of having a disability that prevented them from living independently.

This meant they needed help with managing their own finances, shopping or using transportation.

Dr Ganatra added that, if microplastics are found to be the cause of disabling illness, tackling the problem is likely to be a complex issue.

'The amount of plastic in different areas can vary due to ocean currents, which can carry and concentrate plastic in certain regions,' he said.

An additional limitation of the study is that the data only captures one single moment in time, meaning potential changes in microplastics levels and disability over time were not considered.

Other factors, like population density, local waste management, and industrial activities, may also play a role.

'The reasons are complex and likely involve multiple environmental- and human-related factors working together, but this relationship needs further investigation to be fully understood.'

In the study, experts compared microplastic content in seawater by looking at the number of individual pieces found in a cubic metre of liquid in 218 coastal counties in 22 US states.

Areas with the highest levels of microplastics were found to have more than 1,000 pieces per cubic metre compared to less than 10 pieces in the areas with the lowest levels.

This isn't the first study to link microplastics to brain damage with some research even suggesting the issue could be getting worse.

Earlier this month scientists analysing the brains of people who died in 2024 found the amount of plastic in their brains had increased 50 percent compared to a similar study carried out in 2016.

Additionally, an analysis on human corpses last year found people who had died with dementia had 10-times the amount of microplastics by weight than healthy people, though this study was small with only 12 patients with the condition.

Adding to these concerns, in January Chinese researchers found microplastics could cause deadly blood clots to form in the brain, increasing the risk of strokes and psychiatric illness such as depression.

While the long-term effects of microplastics on human health remain unclear concern is rising in part because avoiding them is almost impossible.

A recent study even found using a single tea bag could release billions of dangerous microplastics into the body.

Microplastics are in the air, water, food, cosmetics and clothing and have been found in variety of human tissue including the intestines and even in men's sperm.

The full findings of the study are to be presented at the American Academy of Neurology's 77th Annual Meeting in April this year.

Mail Online

ရုရှားစီးပွားရေးလုပ်ငန်းရှင်များအပါအဝင် ငွေကြေးချမ်းသာသူများအား ဆွဲဆောင်သည့်နည်းလမ်းအဖြစ် ထွက်ပေါ်လာသည့် ဒေါ်နယ်ထရမ့်၏ Trump Gold Card အစီအစဉ်

(နိုင်အောင်)



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ခွင့်နှင့်နိုင်ငံသားဖြစ်ခွင့်ပေးအပ်မည့် ရွှေရောင် အမြဲတမ်းနေထိုင်ခွင့် သို့မဟုတ် Trump Gold Card ဟု အမည်ပေးထားသော အစီအစဉ်သည် ရုရှားနိုင်ငံသားစီးပွားရေး လုပ်ငန်းရှင်များအပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှ ငွေကြေးဓနကြွယ်ဝသူများအား နိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံလာစေရန် ဆွဲဆောင်သည့်နည်းလမ်းတစ်ရပ် အဖြစ်ထွက်ပေါ်လာခဲ့သည်ကိုတွေ့ရသည်။

ထရမ့်အစိုးရအနေဖြင့် ဒေါ်လာ ၅ သန်း ပေးသွင်းပြီး နိုင်ငံအတွင်း၌ အမြဲတမ်း နေထိုင်ခွင့်ရရှိစေမည့် Trump Gold Card အစီအစဉ်ကို အခွင့်အလမ်းတစ်ရပ်အဖြစ် လာမည့်ရက်ပိုင်းအတွင်း စတင်ဖော်ဆောင် မည်ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရပါမူ ငွေကြေး ချမ်းသာကြွယ်ဝသည့် မည်သည့်နိုင်ငံသား မဆို အမေရိကန်အစိုးရထံသို့ ဒေါ်လာ ၅ သန်းပေးသွင်းပါက အမေရိကန် ပြည်ထောင်စုတွင် အမြဲတမ်းနေထိုင်ခွင့် သို့မဟုတ် Trump Gold Card ရရှိမည် ဖြစ်သည်။ ယင်းအစီအစဉ်ကို ထရမ့်က ဖေဖော်ဝါရီလ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ရုရှားနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်း ရှင်များနှင့် ငွေကြေးကြွယ်ဝသူအချို့သည် ရွှေရောင်အမြဲတမ်းနေထိုင်ခွင့်ဖြစ်သည့် Trump Gold Card အတွက် ဒေါ်လာ ၅ သန်းပေးသွင်းရန် တတ်စွမ်းနိုင်သည်ဟု ၎င်းကယူဆလျက်ရှိသည်။

အကယ်၍ရုရှားနိုင်ငံသားများအပါအဝင် အခြားနိုင်ငံများမှ ချမ်းသာကြွယ်ဝသူ များက အမေရိကန်ပြည်ထောင်စုသို့ ရွှေ့ပြောင်းနေထိုင်မည်ဆိုပါက ၎င်းငွေကြေး ချမ်းသာသူများသည် နိုင်ငံအတွင်း ငွေကြေးအမြောက်အမြားသုံးစွဲမည့်အပြင် အမေရိကန်အစိုးရအတွက် အခွန်များ ရှာဖွေပေးနိုင်ထုံသာမက အမေရိကန်ပြည်သူ များဖန်တီးပေးနိုင်မည်ဟုထရမ့်ကယုံကြည် လျက်ရှိသည်။

ထရမ့်အစိုးရအနေဖြင့် အမေရိကန်တွင် လက်ရှိအသုံးပြုဖော်ဆောင်နေသည့် EB-5 program အစီအစဉ်ကို အဆိုပါ Trump Gold Card အစီအစဉ်ဖြင့် အစားထိုးမည် ဖြစ်သည်။ အမေရိကန်အစိုးရသည် EB-5 program အစီအစဉ်ကို ၁၉၉၀ ပြည့်နှစ် တွင် စတင်ကျင့်သုံးခဲ့ပြီး ၎င်းအစီအစဉ်အရ နိုင်ငံအတွင်းလာရောက်ရင်းနှီးမြှုပ်နှံသူ များကို အမြဲတမ်းနေထိုင်ခွင့်ပေးအပ်ခြင်း ဖြစ်သည်။

အဆိုပါ EB-5 program အစီအစဉ်ကို အမေရိကန်ကွန်ဂရက်က အတည်ပြုခဲ့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ၎င်းအစီအစဉ်အရ အမေရိကန်ဝန်ထမ်း သို့မဟုတ် အလုပ် သမားအနည်းဆုံး ၁၀ ဦး တာဝန်ထမ်း ဆောင်နေသည့် အမေရိကန်ကုမ္ပဏီတစ်ခု တွင် ဒေါ်လာတစ်သန်းရင်းနှီးမြှုပ်နှံရုံဖြင့် အစိုးရက၎င်းတို့အား နိုင်ငံအတွင်းအမြဲတမ်း နေထိုင်ခွင့်ပြုခြင်းဖြစ်သည်။

သို့သော် EB-5 program အစီအစဉ် သည် မသမာမှုများကိုဖြစ်ပေါ်နိုင်စေသည့် အလားအလာရှိသည်ဟု အမေရိကန် ကွန်ဂရက်သုတေသနအဖွဲ့က ၂၀၂၁ ခုနှစ် တွင် ထုတ်ဖော်ပြောကြားထားသည်။ ထို့ကြောင့် လက်ရှိထရမ့်အစိုးရက အစီ အစဉ်အသစ်လည်းဖြစ် ရုရှားအပါအဝင် အခြားငွေကြေးကြွယ်ဝသူများအား နိုင်ငံ အတွင်းသို့ဝင်ရောက်လာပြီး ရင်းနှီးမြှုပ်နှံ ရန်အတွက် အစီအစဉ်အသစ်အဖြစ် Trump Gold Card အစီအစဉ်ကို ဖော်ဆောင် ရန်စဉ်းစားခဲ့ခြင်းဖြစ်သည်ဟုလည်းဆိုနိုင် သည်။

ယခုဖော်ဆောင်မည့် Trump Gold Card အစီအစဉ်သည် ယခင်ကအသုံးပြုခဲ့သော EB-5 program အစီအစဉ်ရှိ မသမာမှု များကို ဖယ်ရှားပစ်မည်ဖြစ်သည့်အပြင် အနေဖြင့် နောက်ဆုံးတွင် နိုင်ငံသားအဖြစ် လျှောက်ထားခွင့်ရရှိမည်ဖြစ်သည်။ ထို့ပြင် Trump Gold Card အစီအစဉ်အရ နိုင်ငံအတွင်း၌ အမြဲတမ်းနေထိုင်ခွင့်ရရှိသူ များသည် ယခင် EB-5 program အစီအစဉ် အရ အမြဲတမ်းနေထိုင်ခွင့်ရရှိသူများထက် အထူးခံစားခွင့်များရရှိမည်ဖြစ်သည်ဟု အစိုးရကကြေညာထားသည်။

Trump Gold Card အစီအစဉ်မှရရှိ သည့် ငွေကြေးများကို အစိုးရ၏အသုံး စရိတ်လိုငွေပြမှုများအား လျှော့ချရာတွင် အသုံးပြုရန် ထရမ့်အစိုးရကစီစဉ်ထား သည်။ အမေရိကန်အစိုးရအနေဖြင့် ၂၀၂၆ ခုနှစ်အတွက် အသုံးစရိတ်လိုငွေပြမှု လျှော့ချနိုင်ရေးအတွက် တစ်ရက်လျှင် ပျမ်းမျှ ဒေါ်လာ ၄ ဘီလီယံလျှော့ချရန် လိုအပ်သည်ဟု အမေရိကန်စွန့်ဦးတီထွင် သူနှင့် အမေရိကန်အစိုးရဓွမ်းဆောင်ရည် ဌာန (DOGE) အကြီးအကဲ အီလွန်မက်က ယခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ထရမ့် အစိုးရအား အဆိုပြုခဲ့သည်။ ထို့ကြောင့် Trump Gold Card အစီအစဉ်သည် အမေရိကန်၏ အကျိုးစီးပွားဖော်ဆောင်မှု အတွက် အောင်မြင်မှုရရှိစေနိုင်သည်ဟု ထရမ့်က မျှော်လင့်လျက်ရှိသည်။

Ref: Ivt, Dw

ပြင်သစ်နိုင်ငံရှိ ရုရှားကောင်စစ်ဝန်ချုပ်ရုံးအဆောက်အအုံကို တိုက်ခိုက်ခဲ့သူနှစ်ဦးအား ဖမ်းဆီးဟုဆို

ပဲရစ်၊ အကြမ်းဖက်မှု

ပြင်သစ်နိုင်ငံ မာဆေးမြို့ရှိ ရုရှားကောင်စစ်ဝန်ချုပ်ရုံးအဆောက်အအုံကို တိုက်ခိုက်ခဲ့သူ နှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်ဟု မာဆေးမြို့ အစိုးရရှေ့နေရုံးက ထုတ်ပြန် သည်။

ရုရှားကောင်စစ်ဝန်ချုပ်ရုံးကို တိုက်ခိုက်ခဲ့ သူများမှာ ပြင်သစ်နိုင်ငံသားများဖြစ်ပြီး ၎င်းတို့အား ဖောက်ခွဲရေးပစ္စည်းများအသုံးပြု ၍ အဆောက်အအုံအား ပျက်စီးစေမှုဖြင့် ဖမ်းဆီးထားခြင်းဖြစ်ကြောင်း မာဆေးမြို့ အစိုးရရှေ့နေရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး က အတည်ပြုထားသည်။

ဖမ်းဆီးခံထားရသူများမှာ အသက် ၄၀ ကျော် နှင့် အသက် ၆၀ ခန့်အရွယ်ရှိ အမျိုးသားများ ဖြစ်ပြီး ၎င်းတို့၏အမည်နှင့်အခြားအသေးစိတ် အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြား ထားခြင်းမရှိကြောင်း သိရသည်။

အမည်မသိ အကြမ်းဖက်သမားများသည် ဖေဖော်ဝါရီလ ၂၄ ရက်က မာဆေးမြို့ရှိ ရုရှားကောင်စစ်ဝန်ချုပ်ရုံးအား ဖောက်ခွဲရေး ပစ္စည်းသုံးခုဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ် သည်။ ၎င်းဖောက်ခွဲရေးပစ္စည်းများအနက် နှစ်ခုမှာ ပေါက်ကွဲခဲ့သော်လည်း ယင်းတိုက်ခိုက် မှုအတွင်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

Ref: Tass

အမေရိကန်က ယူကရိန်းသို့ စစ်ရေးအကူအညီပေးအပ်နေခြင်းမရှိဟု ဒေါ်နယ်ထရမ့်ပြော

ဝါရှင်တန်၊ စစ်ရေး

အမေရိကန်ပြည်ထောင်စုသည် လက်ရှိ တွင် ယူကရိန်းနိုင်ငံသို့ စစ်ရေးအကူအညီ ပေးအပ်နေခြင်းမရှိဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်ကြောင်း သိရသည်။

အမေရိကန်အစိုးရသည် ယခုလက်ရှိတွင် ယူကရိန်းနိုင်ငံသို့ မည်သည့်စစ်ရေးအကူအညီ ကိုမျှပေးအပ်ခြင်းမရှိကြောင်း၊ ထို့ကြောင့် အနာဂတ်တွင်ယူကရိန်းအား စစ်ရေးအကူအညီ ပေးခြင်းကို ဥရောပနိုင်ငံများကသာ တာဝန်ယူ သင့်ကြောင်း ထရမ့်က ဖေဖော်ဝါရီလ ၂၅ ရက် တွင် အိမ်ဖြူတော်၌ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲအတွင်း သတင်းထောက်များကို ပြောကြားသည်။

ထို့ကြောင့် အမေရိကန်နှင့် ရုရှားနိုင်ငံတို့ ကြား ယူကရိန်းလက်နက်ကိုင်ပဋိပက္ခကို ဖြေရှင်းရေး သဘောတူညီချက်တစ်ရပ် ချမှတ် နိုင်သည်အထိ ယူကရိန်းအနေဖြင့် စစ်ပွဲဆင်နွှဲ ရန် လက်နက်အလုံအလောက်ရှိနိုင်မည်ဖြစ် ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုတွင် ထရမ့် သမ္မတအဖြစ် ဒုတိယအကြိမ် တာဝန် ထမ်းဆောင်ချိန်မှစ၍ အမေရိကန်အစိုးရက ယူကရိန်းနိုင်ငံသို့ စစ်ရေးအကူအညီသစ်များ ပေးအပ်ရန် ကြေညာထားခြင်းမရှိကြောင်း သိရသည်။

ယူကရိန်းသို့ အမေရိကန်နှင့် ဥရောပသမဂ္ဂ တို့က စစ်ရေးအကူအညီများပေးအပ်ခြင်း မရှိပါက ယူကရိန်းတပ်မတော်အနေဖြင့် ၎င်းတို့၏ကာကွယ်ရေးစွမ်းဆောင်ရည်ကို လအနည်းငယ်သာ ထိန်းသိမ်းထားနိုင်ဖွယ်ရှိ သည်ဟု စစ်ရေးကျွမ်းကျင်သူတစ်ဦးဖြစ်သည့် အိုလက်ဂလာဇူနေ့က ပြောကြားခဲ့ကြောင်း သိရသည်။

Ref: Ivt, mamul

ထိန်းချုပ်ခံထားရသည့် ရုရှားနိုင်ငံ၏ ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမေရိကန်အစိုးရက ကြိုးပမ်းလျက်ရှိ

ဝါရှင်တန်၊ စီးပွားရေး

ယူကရိန်းပဋိပက္ခကိုဖြေရှင်းနိုင်ပါက အမေရိကန်က ထိန်းချုပ်ထား သည့် ရုရှားနိုင်ငံ၏ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်း၍ အမေရိကန်က ရုရှား အစိုးရနှင့် ဆွေးနွေးရန်ကြိုးပမ်းလျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး မားကို့ရူဘီယိုကပြောသည်။

အမေရိကန်နှင့်ရုရှားတို့ကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်း များရှိသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောကြားခဲ့ပြီး လက်ရှိ တွင်အမေရိကန် သို့မဟုတ် ဥရောပနိုင်ငံများက ထိန်းချုပ်ထားသည့် ရုရှားနိုင်ငံ ၏ပိုင်ဆိုင်မှုများနှင့် ထိုသို့ထိန်းချုပ်လိုက်ခြင်းကြောင့် အမေရိကန်စီးပွားရေး ကုမ္ပဏီများအပေါ် ကျရောက်လာသည့် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေး ရန်လိုအပ်လျက်ရှိကြောင်း ရူဘီယိုက Breitbart သတင်းဌာနနှင့် ဖေဖော်ဝါရီလ ၂၅ ရက်က လုပ်ဆောင်သည့် တွေ့ဆုံမေးမြန်းခန်းတွင်ပြောသည်။

သို့သော်လည်း အမေရိကန်နှင့် ရုရှားတို့ကြား ထိုသို့သောဆွေးနွေးမှု များစတင်ရန်အတွက် ယူကရိန်းတွင် အခွန်ရှုံးတည်တံ့သည့် အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ကို ဦးစွာချမှတ်ရန်လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအတွင်း၌ အထူးစစ်ဆင်ရေးစတင်ဆင်နွှဲပြီးချိန်မှ စ၍ ဥရောပသမဂ္ဂ၊ ကနေဒါ၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့က ခန့်မှန်းခြေ အားဖြင့် ဒေါ်လာ ၃၀၀ ဘီလီယံခန့်ရှိ ရုရှားနိုင်ငံ၏ပိုင်ဆိုင်မှုများကို ထိန်းချုပ် ထားကြောင်းသိရသည်။

Ref: Ivt

ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၉၂၀ ဦးအတွက်ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခု ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအတည်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၉၂၀ ဦးအတွက် ဖန်တီးပေးနိုင်မည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုအား ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုပေးခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသည် (၂/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရန်ကင်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပရာ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့်ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင်ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသည် ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် စက်မှုကဏ္ဍတို့တွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုတို့ကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။



အတည်ပြုပေးခဲ့သည့်လုပ်ငန်းများမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ CMP စနစ်ဖြင့် wearing apparel အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ငွေကျပ် ၇၉၆ ဒသမ ၉၅၀ သန်းနှင့်အမေရိကန်ဒေါ်လာ တစ်သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၉၂၀ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များတင်ပြလာသည့် ကုမ္ပဏီ ၁၃ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။

ဝန်းရံခ

မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှကြီးမှူးကျင်းပမည့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ပညာပေးဇာတ်လမ်းတို (Short Film ၂-၃ မိနစ်) ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ်အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ် ၅ ခုရွေးချယ်မည်ဖြစ်၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် ၂ ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ဆောင်ပုဒ် ၁ ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။

(ဂ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ပြိုင်ပွဲဝင် ဆောင်ပုဒ်များအား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ နောက်ဆုံးထားပေးပို့ယှဉ်ပြိုင်ရမည်။

(င) ဆောင်ပုဒ်များကို Fax ၀၆၇၃ - ၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။

(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာပြည့်စုံစွာပါရှိရမည်။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

နေပြည်တော်ကောင်စီနယ်မြေအတွင်း ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

"၂၀၃၀ ပြည့်နှစ်တွင် ခွေးမှတစ်ဆင့် ကူးစက်တတ်သောခွေးရူးရောဂါကြောင့်လူသေဆုံးမှုပပျောက်ရေး"ဟူသောတစ်ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ကို အကောင်အထည်ဖော်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်တို့၌ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကိုဆောင်ရွက်သည်။

အဆိုပါအစီအစဉ်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကြည့်ရှုအားပေးပြီး ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)စစ်တမ်းများအရမြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်တွင် ဖြစ်ပွားလျက်ရှိသော ခွေးရူးရောဂါကြောင့် နှစ်စဉ်လူပေါင်း ၆၀၀၀၀ နီးပါး အသက်ဆုံးရှုံးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နှစ်စဉ်ခွေးကိုက်ခံရသူဦးရေမြင့်တက်လျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ၁၈၀၀၀၀၊ ၂၀၁၈ ခုနှစ်တွင် ၁၉၂၀၀၀ နှင့် ၂၀၁၉ ခုနှစ်တွင် လူဦးရေ ၁၉၃၀၀၀ ခွေးကိုက်ခံခဲ့ရကြောင်း၊ သေဆုံးမှုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ၁၄၅ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၇၁ ဦး၊ ၂၀၁၉ ခုနှစ် ပထမ(၅)လတွင် ၇၀ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရကြောင်း၊ ခွေးရူးရောဂါဖြစ်ပွားသူလူဦးရေ၏ ၉၅ ရာခိုင်နှုန်းကျော်မှာ ခွေးကိုက်ခံရခြင်းမှတစ်ဆင့် ရောဂါကူးစက်ခံရပြီး အများအားဖြင့် ဆင်းရဲနွမ်းပါးပြီး အသိပညာနည်းပါးသည့် ကျေးလက်တောရွာများတွင် ဖြစ်ပွားကြောင်း၊ မြန်မာနိုင်ငံတွင် ခွေးကောင်ရေလေးသန်းကျော်ရှိပြီး ၇၀ ရာခိုင်နှုန်းခန့်မှာ လမ်းဘေးခွေးများဖြစ်သည့်အတွက် ခွေးရူးရောဂါဖြစ်ပွားမှုပပျောက်စေရေး ဆောင်ရွက်ရာတွင် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ကြုံတွေ့ရပြီး လမ်းဘေးခွေးကောင်ရေလျော့ပါးသွားစေရန် သားဆက်ခြားနည်းသို့မဟုတ် သားကြောဖြတ်နည်းများ အသုံးပြုဆောင်ရွက် သွားရမည် ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ခွေး၊ ကြောင်များတွင် ခွေးရူးရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ကာကွယ်ဆေးများ ကြိုတင်ထိုးနှံပေးသွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

Mass Dog Vaccination ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ခွေးရူးရောဂါကင်းစင်ရေးအတွက် အမျိုးသားအဆင့် စီမံကိန်း (၂၀၁၈-၂၀၃၀)ကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပျဉ်းမနားမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒကွိဏသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်များ၌ ခွေးရူးရောဂါကင်းစင်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Eado အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Aion S Mei 580 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည်ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

■ **ကျောဖုံးမှအဆက်**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အိမ်ရှင်နီပေါအသင်းကို ကွင်းလုံးပြည့် ပရိသတ်ရှေ့မှောက်တွင်ထိုက်ထိုက်တန်တန် အနိုင်ယူကာ ချန်ပီယံဆုရယူနိုင်ခဲ့ပြီဖြစ်သည်။ အိမ်ရှင်နီပေါအသင်းသည် ကွင်းလုံးပြည့်ပရိသတ်ရှေ့မှောက်တွင် အနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာအမျိုးသမီးအသင်းသည် အကောင်းဆုံးရင်ဆိုင်ကာ အနိုင်ရဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။ နီပေါလေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၆ ရက်အထိ အိမ်ရှင်နီပေါ၊ မြန်မာ၊ လက်ဘနွန်၊ ကာဂျစ္စတန်အသင်းတို့ဖြင့် ကျင်းပခဲ့ပြီး လေးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အုပ်စုပွဲများတွင် လက်ဘနွန်အသင်းကို ၃ ဂိုး ၁ ဂိုး၊ ကာဂျစ္စတန်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရပြီး နီပေါအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့သည်။ အမှတ်အများဆုံးနှစ်သင်းဖြစ်သည့် မြန်မာအသင်းနှင့် နီပေါအသင်း ဗိုလ်လုပွဲပြန်လည်ကစားရာ မြန်မာအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၂၀၁၉ ခုနှစ်က အိန္ဒိယနိုင်ငံ၌ကျင်းပသည့် Hero Gold Cup ပြိုင်ပွဲတွင် ချန်ပီယံဆုရပြီးနောက် နိုင်ငံတကာဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတစ်ခုတွင် ချန်ပီယံဆုပြန်လည်ရယူနိုင်ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် မျိုးမြမြငြိမ်း (ဂိုး)၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ရူပါခိုင်၊ လင်းလဲဦး၊ ခင်မိုမိုထွန်း၊ ခင်မျိုးသန္တာထွန်း၊ စန်းသော်သော်၊ ယွန်းဝတီလှိုင်၊ ဝင်းသိဂီထွန်းတို့ဖြင့် ပွဲထွက်လာသည်။ အိမ်ရှင်နီပေါအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားရာ မြန်မာအသင်းအနေဖြင့် ခံစစ်အမှားမရှိစေရန် အာရုံစိုက်ကစားခဲ့ရပြီး မိနစ် ၂၀ နောက်ပိုင်းမှ အပြန်အလှန်ကစားနိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးရနိုင်သည့်အခွင့်အရေးများရသော်လည်း အသုံးမချနိုင်သဖြင့် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ပိုမိုဖိကစားလာနိုင်ပြီး ၆၂ မိနစ်တွင် ရူပါခိုင်၊ ၆၅ မိနစ်တွင် ဝင်းသိဂီထွန်းတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ကစားရမည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲသုံးခုအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခု နီပေါလေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ချန်ပီယံဆုရယူနိုင်ခဲ့သဖြင့် လာမည့်ပြိုင်ပွဲများတွင်ရလဒ်ကောင်းရယူနိုင်ရန် တွန်းအားတစ်ရပ်ဖြစ်စေခဲ့သည်။ **သတင်း-ဧရင့်လွင်**

ဓာတ်ပုံ-MFF

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာရဲမြင့်အောင်၊ ပါမောက္ခ
ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

မင်္ဂလာပါတပည့်တို့။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၂၅ ခုနှစ် မတ်လမှာကျင်းပမယ့် စနစ်သစ် Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကိုဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာနဲ့ မေးခွန်းပုံစံတို့ပဲ ဖြစ်ပါတယ်။

Grade 12 ဓာတုဗေဒပြဋ္ဌာန်းစာအုပ်မှ အခန်း ၈ ခန်းကို ဓာတုဗေဒဘာသာရပ်ရဲ့ ဘာသာရပ်ခွဲများဖြစ်တဲ့ Inorganic Chemistry, Physical Chemistry, Organic Chemistry နဲ့ Environmental Chemistry ဆိုပြီး အပိုင်း ၄ ပိုင်း ပါဝင်ပါတယ်။ အခန်း ၁ နဲ့ ၆ ကတော့ Inorganic Chemistry၊ အခန်း ၂၊ ၃၊ ၄ နဲ့ ၅ ကတော့ Physical Chemistry၊ အခန်း ၇ ကတော့ Environmental Chemistry ဖြစ်ပြီး အခန်း ၈ က Organic Chemistry ဖြစ်ပါတယ်။

Chapter 1 Chemical Bonding and Intermolecular Forces သင်ခန်းစာဟာ အက်တမ်များအကြား bond ဖြစ်ပေါ်မှုအပြင် molecular structures and shapes တွေကိုပါ သိရှိနိုင်တဲ့သင်ခန်းစာပဲဖြစ်တယ်။ Section အလိုက်လေ့လာမည်ဆိုလျှင်-

1.1 BASIC CONCEPTS TO UNDERSTAND CHEMICAL BONDING

Atomic orbital တစ်ခုချင်းစီမှာ electrons ဖြည့်ဝင်ပုံကို သေချာစွာနားလည်ရပါမည်။ Electronic configurations တွေမှာ Aufbau principle အရ electron တွေကို energy level အနည်းအများအလိုက် 1*s* 2*s* 2*p* 3*s* 3*p* 4*s* 3*d* 4*p* ----- စသည်ဖြင့် ဖြည့်ဝင်ရမှာဖြစ်ပါသည်။

Electronic configuration of potassium


Hydrogen ($_1$H) မှ Argon ($_{18}$Ar) ထိ electronic configuration ဖော်ပြရာတွင် shell number အစဉ်တိုင်းဖြည့်သွင်းလာရမည်ဖြစ်သည်။ သို့သော် Potassium ($_{19}$K) ၏ electronic configuration ကိုဖော်ပြပါက အပြင်ဘက်ဆုံး outer electron ကို 3*d* subshell အစား 4*s* subshell ကို အရင်ဖြည့်သွင်းရပါမည်။ energy level အရ 4*s* က 3*d* ထက်နိမ့်၍ ဖြစ်ပါသည်။ (because the 4s is below the 3d in terms of its energy). Potassium ရဲ့ electronic configuration ကို $1s^2\ 2s^2\ 2p^6\ 3s^2\ 3p^6\ 4s^1$ ဟု ဖော်ပြနိုင်ပါသည်။


Atomic orbital တစ်ခုချင်းစီမှာ electrons ဖြည့်ဝင်ပုံကို သေချာစွာနားလည်ဖို့အတွက် fundamental principles and rules တွေဖြစ်တဲ့ Aufbau principle, Pauli's exclusion principle and Hund's rule တို့ကိုနားလည်ရမှာဖြစ်ပါတယ်။

1.2 IONIC BONDING

Metal နှင့် non-metal atoms နှစ်ခုအကြား electronegativity difference (>1.8) ပေါ်မူတည်ပြီး ionic bonding ဖြစ်နိုင်သည်။ Ionic bonding ဖြစ်ပေါ်ပုံကို Lewis symbols ဖြင့် ရေးဆွဲလေ့လာနိုင်သည်။

ဥပမာ NaCl နှင့် MgO မှာဆိုရင် Mg^{2+} နှင့် O^{2-} အကြား ဆွဲအားသည် Na^+ နှင့် Cl^- အကြား ဆွဲအားထက် ပိုကောင်းသည်။ anions တွေတူညီနေလျှင် ကျန် cations တွေ၏အရွယ်အစားနှင့် နှိုင်းယှဉ်နိုင်သည်။ size ငယ်လေလေ ဆွဲအားများလေလေဖြစ်သည်။ ဥပမာ NaCl နှင့် KCl မှာဆိုလျှင် anion (Cl^-) အတူတူဖြစ်၍ Na နှင့် K မှာ size ငယ်သော NaCl က ပိုပြီးဆွဲအားကောင်းသည်။





1.3 COVALENT BONDING

Covalent bonding ဖြစ်ပေါ်တဲ့နေရာမှာ atoms တွေရဲ့ outermost orbitals တွေ overlap ဖြစ်သွားပြီး bonding atoms တွေရဲ့ unpaired valence electrons တွေကို ဝေမျှသုံးကြသည်။ Paired valence electrons တွေကတော့ bonding မှာပါဝင်မှုမရှိပေ။ Coordinate bond (သို့) dative bond မှာ ဝေမျှသုံးမယ့် electron နှစ်လုံးကို ပေါင်းစပ်မယ့် atom နှစ်ခုအနက် atom တစ်ခုကပေးခြင်းဖြစ်သည်။

Drawing Lewis structures

အဓိကသတိပြုရမှာကတော့ Lewis structure မှာ unshared paired electrons တွေကိုဖြည့်တဲ့အခါ molecule ရဲ့ element တိုင်းက octet rule ကိုလိုက်နာပြီး ဖြည့်ရမည်ဖြစ်ပါသည်။ (H_2 ကတော့ 2 electrons ပဲ share လုပ်ပါမည်။)






Valence Shell Electron Pair Repulsion (VSEPR) theory

VSEPR သီအိုရီအရ shape ကိုခန့်မှန်းဖို့အတွက် -

1. molecule ရဲ့ Lewis's structure ကိုဆွဲပါ။
2. Central atom ကို ဝန်းရံနေတဲ့ electron pair ကိုရေတွက်ပါ။
3. Electron pair ရဲ့ geometry ကိုရှာဖွေပါ။
4. နောက်ဆုံးအဆင့်မှာ Molecular Shapes ကို ခန့်မှန်းနိုင်မှာဖြစ်ပါသည်။

Table 1 Geometry of Electron Pairs and Molecular Shapes of Different Types of Molecules

Table 1 Geometry of Electron Pairs and Molecular Shapes of Different Types of Molecules

Type	Number of bonding pairs and lone pairs around the central atom	Geometry of electron pairs	Molecular shape	Example
AX_2	2, 0	linear	 linear	$BeCl_2$, CO_2
AX_3	3, 0	triangular planar (trigonal planar)	 triangular planar	BF_3
AX_2E	2, 1	triangular planar (trigonal planar)	 bent/V-shaped	SO_2
AX_4	4, 0	tetrahedral	tetrahedral	CH_4, CCl_4
AX_3E	3, 1	tetrahedral	 trigonal pyramidal	NH_3
AX_2E_2	2, 2	tetrahedral	 bent/V-shaped	H_2O

Note: Symbol E represents the number of lone pairs.

တချို့ covalent molecules တွေဟာ giant structures အဖြစ်တည်ရှိနေကြောင်း graphite နဲ့ silicon(IV) oxide တို့ရဲ့ giant structures များကိုလေ့လာပြီး သိရှိနိုင်မှာဖြစ်ပါတယ်။ Covalent molecules များဖြစ်တဲ့ HCl and Cl_2 molecules တွေရဲ့ covalent bond ဖြစ်ပေါ်နေတဲ့ atom နှစ်ခုအကြား electronegativity တန်ဖိုးခြားနားချက်နဲ့ bond polarity တို့ရဲ့ဆက်သွယ်ချက်ကို သိရှိရမှာဖြစ်ပါတယ်။

1.4 INTERMOLECULAR FORCES

"Dipole moment" အကြောင်းနဲ့ polar covalent bond တစ်ခုမှာ dipole ရဲ့ direction ကိုညွှန်ပြတဲ့သင်္ကေတကို နားလည်သိရှိရမှာဖြစ်ပါတယ်။ H_2O နဲ့ CO_2 molecules များရဲ့ bond dipoles နဲ့ dipole moments များမှတစ်ဆင့် polyatomic molecules များရဲ့ individual bond dipoles နဲ့ dipole moment of a molecule ကိုဖော်ပြနိုင်မှာဖြစ်ပါတယ်။

Dipole–dipole interaction နဲ့ ion–dipole interaction တို့ကို သိရှိနားလည်ထားရမှာဖြစ်ပါတယ်။ ဓာတ်ငွေ့ (ဥပမာ helium) atoms များအတွင်းဖြစ်ပေါ်တဲ့ London dispersion forces ဖြစ်တဲ့ induced dipole–induced dipole interaction အကြောင်းကိုလည်း နားလည်သိရှိရပါမယ်။ Hydrogen bonding ဖြစ်ပေါ်ရန်လိုအပ်ချက်များနဲ့ intermolecular hydrogen bond ဖြစ်ပေါ်ပုံကို ဥပမာများနှင့် ရှင်းလင်းဖော်ပြနိုင်ရမှာဖြစ်ပါတယ်။ Ion–dipole interactions ဟာ dipole–dipole interactions ထက်ပိုအားကောင်းရခြင်းမှာ ယင်းတို့ရဲ့ charge များအပေါ်မူတည်ကြောင်း ရှင်းလင်းစွာသိရှိလာမှာဖြစ်ပါတယ်။

1.5 METALLIC BONDING

Metallic bonding ဖြစ်ပေါ်ရာမှာ metal atoms တွေရဲ့ positive ions နဲ့ valence electrons တွေဟာ electron cloud (sea of electrons) ဖြစ်ပေါ်ပြီး metal atom nucleus များနဲ့ strong electrostatic attraction ရှိတဲ့အတွက် အလွန်ခိုင်မြဲကြောင်း သိရှိနိုင်မှာဖြစ်ပါတယ်။ Metallic bonding ရဲ့ strength ဟာ အချက် (၃) ချက်အပေါ်မူတည်ပြီး intermolecular forces တွေထဲမှာ ပိုမိုခိုင်မြဲတာကို သိရှိနားလည်ရမှာဖြစ်ပါတယ်။

Chapter 2 Energy Changes in Chemical Reactions မှာတော့ energy transformation နဲ့ သက်ဆိုင်တဲ့နမူနာတွေကို တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ စွမ်းအင်ဆိုတာ ဖျက်ဆီးပစ်၍ မရနိုင်သလို အသစ်ဖန်တီးရယူဖို့လည်းမဖြစ်နိုင်ကြောင်း Law of conservation of energy အရ သိရှိနိုင်မှာဖြစ်ပါတယ်။ Chemical energy ဆိုတာ ဒြပ်ပစ္စည်းတွေမှာ ရှိနေတဲ့ chemical bond တွေမှာ သိုလှောင်ထားတဲ့စွမ်းအင်ဖြစ်ပါတယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ဖြစ်ပစ္စည်းများရဲ့ chemical energy ခြားနားမှုကနေ စွမ်းအင်အသွင်နဲ့ထုတ်လွှတ်ခြင်း၊ စုပ်ယူခြင်းစတဲ့ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာစေပါတယ်။

ပြင်ပက စွမ်းအင်ထောက်ပံ့ပေးဖို့မလိုအပ်ဘဲ ဖြစ်ပေါ်နိုင်တဲ့ ဓာတ်ပြုခြင်းကို spontaneous reaction လို့ခေါ်ပါတယ်။ အကယ်၍ ပြင်ပကစွမ်းအင်ထောက်ပံ့ပေးမှ ဓာတ်ပြုခြင်းဖြစ်နိုင်မယ်ဆိုရင်တော့ ဒီဓာတ်ပြုခြင်းကို non-spontaneous reaction လို့ခေါ်ပါတယ်။ ဓာတ်ပြုခြင်းဖြစ်ပေါ်နေတဲ့နယ်ပယ်ကို system (စနစ်) လို့ခေါ်ပြီး ၎င်းနဲ့ထိစပ်နေတဲ့အရာမှန်သမျှကို surroundings (ဝန်းကျင်) လို့သတ်မှတ်ပါတယ်။ Reaction ဖြစ်တဲ့နယ်ပယ် system ကနေ surroundings ဘက်သို့ အပူစီးကူးထုတ်လွှတ်ရင် exothermic reaction လို့ခေါ်ပြီး surroundings ဘက်က အပူကိုစုပ်ယူရင် တစ်နည်းအားဖြင့် အပူပေးရတဲ့ reaction တွေကို endothermic reaction လို့ သတ်မှတ်ကြောင်း သိရှိထားရမှာဖြစ်ပါတယ်။ Heat of combustion, heat of formation of a compound နဲ့ heat of neutralisation တွေနဲ့ပတ်သက်တဲ့ thermochemical equation တွေကိုရေးနိုင်ရန် လိုအပ်ပါတယ်။ Enthalpy change တိုင်းတာမှုနဲ့ ပတ်သက်လို့သိထားရမှာက - အရာဝတ္ထုတစ်ခုချင်းစီရဲ့ enthalpy တန်ဖိုးကို တိုက်ရိုက်မတိုင်းတာနိုင်ပေမယ့် calorimeter ကိုအသုံးပြုပြီး ΔT တန်ဖိုးကို တိုင်းတာနိုင်ပါတယ်။ အဲဒီကတစ်ဆင့် ΔH တန်ဖိုးကို တွက်ချက်နိုင်ကြောင်း သိရှိနားလည်ရမှာ ဖြစ်ပါတယ်။ Hess's Law အရ reactant မှ product သို့ တိုက်ရိုက်ပြောင်းလဲသည်ဖြစ်စေ၊ ဓာတ်ပြုအဆင့်ဆင့်မှ product သို့ ရောက်ရှိသည်ဖြစ်စေ enthalpy ပြောင်းလဲခြင်း အတူတူပင်ဖြစ်ကြောင်း သိရှိနားလည်ရန် လိုအပ်ပါတယ်။ Standard state မှာရှိနေတဲ့ဒြပ်စင်တွေရဲ့ enthalpy formation value ကို zero အဖြစ် မှတ်ယူရပါမယ်။

Enthalpy cycle ဆိုင်ရာ ပုစ္ဆာတွေတွက်ချက်ရာမှာ enthalpy change of formation နဲ့ enthalpy change of combustion တို့မှတွက်ယူရတဲ့ပုစ္ဆာတွေကိုလည်း စေ့စပ်လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။ ပုစ္ဆာတွက်ချက်ရာမှာ physical states များ၊ သက်ဆိုင်ရာ ရူပဓာတုဆိုင်ရာ သင်္ကေတများနဲ့ units တွေကိုလည်း မှန်ကန်စွာရေးသားနိုင်ဖို့ စနစ်တကျလေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။ Chemical Bond တစ်ခုကို ဖြတ်ဖို့ သို့မဟုတ် chemical bond တစ်ခုဖြစ်ပေါ်ဖို့ လိုအပ်တဲ့ စွမ်းအင်ကို bond energy သို့မဟုတ် bond enthalpy လို့ ခေါ်ပါတယ်။ သင်္ကေတကတော့ E ဖြစ်ပါတယ်။ Bond breaking အတွက် E တန်ဖိုးကို plus နဲ့ဖော်ပြပြီး bond making အတွက် minus နဲ့ဖော်ပြပါတယ်။ Chemical bond တစ်ခုအတွက် ဓာတ်စည်းပြတ်တောက်ခြင်းနဲ့ ဖြစ်ပေါ်ခြင်းတို့အတွက် လိုအပ်တဲ့ energy ပမာဏတူညီပြီး လက္ခဏာဆန့်ကျင်ဘက်ဖြစ်ကြောင်း သိရှိရန်လိုပါတယ်။

စာမျက်နှာ ၂၅ သို့ ◆

◆ **စာမျက်နှာ ၂၄ မှအဆက်**

Chapter 3 Chemical Kinetics: Rates of Reaction မှာတော့ chemical reaction တစ်ခုမှာ reactant ကနေ product အဖြစ်ပြောင်းလဲတဲ့အခါ နှေးကွေးတဲ့ပြောင်းလဲမှုရှိသလို မြန်ဆန်တဲ့ ပြောင်းလဲမှုလည်း ရှိပါတယ်။ ဒီလိုလှုပ်ရှားပြောင်းလဲမှုတွေကို အချိန်နဲ့ဆက်စပ်တွက်ချက်လိုက်ရင် နှုန်းဆိုတာရရှိလာပါမယ်။ Dynamite ပေါက်ကွဲခြင်း၊ အစားအစာများပုပ်သိုးခြင်း၊ သံချေးတက်ခြင်း၊ ကျောက်စိုင်ကျောက်သားများတိုက်စားခံရခြင်းတွေဟာ စက္ကန့်ပိုင်းကနေ နှစ်ကာလအတန်ကြာသည်အထိ အသီးသီး ဓာတ်ပြုဖြစ်ပွားကြတာကို တွေ့ရမှာဖြစ်ပါတယ်။

Mg နှင့် HCl ဓာတ်ပြုခြင်းရဲ့ reaction rate ကို reactant ဖြစ်တဲ့ magnesium ရဲ့ mass ကနေ အချိန်နဲ့လိုက်ပြီး တွက်ချက်နိုင်သလို product အဖြစ် စုယူရရှိတဲ့ hydrogen gas ရဲ့ volume ကနေလည်း အချိန်နဲ့လိုက်ပြီး တွက်ချက်နိုင်တာကို သိရှိနားလည်ရပါမယ်။ ရှုထောင့်အမျိုးမျိုးကနေ rate ကိုတွက်ချက်နိုင်တာမို့ rate ရဲ့ units တွေဟာ mass per time, volume per time, concentration per time ဆိုပြီးအမျိုးမျိုးဖြစ်နိုင်ပါတယ်။ Rate of reaction ကိုသခ္ဓါန္ဒနည်းနဲ့ဖော်ပြရာမှာ reactant ကိုအခြေခံရင် အချိန်နဲ့လိုက်ပြီး concentration လျော့နည်းသွားတာဖြစ်လို့ minus sign နဲ့ ဖော်ပြရသလို product ကိုအခြေခံရင် အချိန်နဲ့လိုက်ပြီး concentration များလာတာဖြစ်လို့ plus sign နဲ့ဖော်ပြတာကို သိရှိရမှာဖြစ်ပါတယ်။ Calculation မှာ အထူးသဖြင့် minus sign ကို ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း သိရှိနားလည်ရပါမယ်။

ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်ရန် မော်လီကျူးတွေထိတိုက်တဲ့အခါမှာ မှန်ကန်တဲ့အနေအထား (correct orientation) ဖြစ်ဖို့လိုအပ်သလို successful collision ဖြစ်ဖို့အတွက် လုံလောက်တဲ့စွမ်းအင်ပမာဏလည်း ရှိနေဖို့ အထူးလိုအပ်ပါတယ်။ Reaction တစ်ခုဖြစ်ဖို့အတွက် reacting particles တွေထိတိုက်ကြရပါမယ်။ အဲဒီလိုထိတိုက်ကြတဲ့အခါ လုံလောက်တဲ့စွမ်းအင်တွေရလာကြပြီး activated complex ဖြစ်ပေါ်လာပါတယ်။ Reactant အခြေအနေကနေ activated complex ဖြစ်တဲ့အထိ စွမ်းအင်ခြားနားချက်ကို activation energy လို့သတ်မှတ်ပါတယ်။ အဲဒီ complex ဖြစ်နေတဲ့အဆင့်ကို transition state လို့ခေါ်ပါတယ်။ $[H_2I_2]$ ဟာ activated complex ဖြစ်ပါတယ်။ Reactants H_2 နဲ့ I_2 တို့ထိတိုက်တဲ့အခါ လုံလောက်တဲ့စွမ်းအင်ရရှိခဲ့ရင် ပုံမှာပြထားတဲ့ product HI ဖြစ်ပေါ်လာနိုင်ပေမယ့် ထိတိုက်မှုကနေ လုံလောက်တဲ့စွမ်းအင်မရရှိခဲ့ရင် energy barrier ကို မကျော်နိုင်တော့ဘဲ reactant ဘက်ကို ပြန်ရောက်သွားနိုင်လို့ အဲဒီအဆင့်ဟာ reversible reaction ဆိုတာကို သတိထားရပါမယ်။

ဓာတ်ပြုနှုန်းအပေါ် သက်ရောက်စေနိုင်တဲ့အချက် ၆ ချက်ရှိပါတယ်။ Effect of concentration of reactants နဲ့ပတ်သက်ပြီး zinc နဲ့ HCl ဓာတ်ပြုခြင်းတွင် HCl concentration ပိုများတဲ့ဘက်က ဓာတ်ငွေ့ပူဖောင်းထွက်ပေါ်မှုပိုများပြီး zinc အတုံးလေးက အရင်ပျော်ဝင်ပျောက်ကွယ်သွားတာကို တွေ့ရပါမယ်။

Concentration များလေ reactants တွေထိတိုက်ခြင်းများလေလေဖြစ်ပြီး ဓာတ်ပြုနှုန်းမြန်လေလေဆိုတာကို collision theory ကိုအခြေခံပြီး သိရှိနားလည်ရမှာဖြစ်ပါတယ်။ ပမာဏတူတဲ့ reactants တွေမှာ အရွယ်အစားငယ်လေလေ မျက်နှာပြင်ဧရိယာများပြီး ဓာတ်ပြုခြင်း မြန်လေလေဖြစ်တယ်။ အဲဒါကို အလူမီနီယံ foil သို့မဟုတ် အလူမီနီယံ powder ကို NaOH နှင့်ဓာတ်ပြုခြင်းတွေမှာ အလွယ်တကူသိရှိနိုင်မှာ ဖြစ်ပါတယ်။

Pressure ရဲ့ သက်ရောက်မှုကိုပြောမယ်ဆိုရင် ဓာတ်ငွေ့များပါဝင်တဲ့ ဓာတ်ပြုခြင်းများနှင့်သာသက်ဆိုင်ပြီး solids, liquids နဲ့ aqueous solutions များအပေါ်သက်ရောက်မှုမရှိနိုင်တာကို သိထားရမှာ ဖြစ်ပါတယ်။ ဖိအားများရင် ဓာတ်ငွေ့ particles တွေရဲ့ထိတွေ့မှုတွေများပြီး ဓာတ်ပြုနှုန်းတွေမြန်ကြောင်း သိရှိရမှာဖြစ်ပါတယ်။ Reaction rate နဲ့ temperature ဆက်စပ်မှုကိုလေ့လာရာမှာ အပူချိန်မြင့်ပေးတာဟာ heat energy တိုးလာစေပြီး အမှုန်တွေရဲ့ kinetic energy တိုးလာစေတာကို သိရှိနိုင်ပါတယ်။ အပူချိန်မြင့်လေ reacting particles တွေရဲ့လှုပ်ရှားမှုမြန်လာပြီး အချင်းချင်းထိတိုက်မှုများလာမှာ ဖြစ်ပါတယ်။ ထိုအခါ လုံလောက်တဲ့စွမ်းအင်ရရှိလာပြီး rate of reaction ပိုမြန်လာတာကို သိရှိနိုင်မှာဖြစ်ပါတယ်။ Activation energy ကို Boltzmann distribution curve နဲ့လေ့လာနိုင်ပြီး အဲဒီကနေ အပူချိန်နဲ့ဓာတ်ပြုနှုန်းဆက်သွယ်ချက်ကို နားလည်သိရှိနိုင်မှာ ဖြစ်ပါတယ်။ Catalysts တွေမှာ ဓာတ်ပြုခြင်းကိုမြန်စေတဲ့ catalyst ရှိသလို နှေးစေတဲ့ catalyst လည်းရှိပါတယ်။ Catalysts တွေဟာ physical states အမျိုးမျိုးရှိနိုင်ပြီး သက်ဆိုင်ရာ reactants နဲ့ phase တူတာရှိသလို မတူတာတွေလည်းရှိကြောင်း homogeneous catalyst နဲ့ heterogeneous catalyst တွေကိုလေ့လာခြင်းဖြင့် သိရှိနိုင်ပါတယ်။ Effect of light မှာတော့ photochemical reaction ကိုနားလည်သိရှိနိုင်ပြီး အလင်းစွမ်းအင်ကြောင့် ဓာတ်ပြုနှုန်းကွာခြားပုံကိုလည်း collision theory အရ သိရှိနားလည်မှာ ဖြစ်ပါတယ်။

Chapter 4, Chemical Equilibrium ကိုလေ့လာရာတွင် chemical reaction အများစုဟာ တစ်ဖက်သွားဓာတ်ပြုခြင်း (one–way process) ဖြစ်စဉ်များဖြစ်ကြပြီး တချို့ကတော့ အပြန်အလှန်ဓာတ်ပြုခြင်း (reversible reaction) တွေ ဖြစ်ကြပါတယ်။ အဲဒီဓာတ်ပြုခြင်းတွေမှာ forward နဲ့ reverse reaction တွေပါဝင်နေပြီး ယင်းဖြစ်စဉ်နှစ်ခုရဲ့ နှုန်းတွေတူညီသွားတဲ့အခါ မျှခြေ (equilibrium) အခြေကို ရောက်ရှိပါတယ်။ အဲဒီမျှခြေမှာ forward reaction နဲ့ reverse reaction တွေဟာ ရပ်တန့်ခြင်းမရှိဘဲ တူညီတဲ့နှုန်းတွေနဲ့ ဆက်လက်ဖြစ်ပွားနေလို့ dynamic equilibrium လို့ သတ်မှတ်ခေါ်ဝေါ်ပါတယ်။ Reaction တွေရဲ့ physical states တွေအရ homogeneous နဲ့ heterogeneous equilibria တွေရှိကြောင်း သိရှိရမှာဖြစ်ပါတယ်။

အပူချိန်၊ ဖိအားနဲ့ ပါဝင်ကိန်းပြောင်းလဲခြင်းတွေက မျှခြေအပေါ် သက်ရောက်မှုများကိုခန့်မှန်းရာမှာ Le Chatelier's Principle ဟာ အလွန်အသုံးဝင်ပါတယ်။ Concentration effect အနေနဲ့ reaction mixture မှာပါတဲ့ reactant သို့မဟုတ် product တစ်ခုခုရဲ့ ပါဝင်ကိန်းကိုတိုးလိုက်ရင် အဆိုပါတိုးလိုက်တဲ့ concentration effect ကို အသုံးပြုပြီး ပါဝင်ကိန်းနည်းတဲ့ဘက်ကိုဦးတည်ပြီး မျှခြေအခြေအနေသစ်တစ်ခုကို ရောက်ရှိမှာဖြစ်ပါတယ်။ Pressure ရဲ့သက်ရောက်မှုကတော့ ဓာတ်ငွေ့ပါတဲ့ဓာတ်ပြုခြင်းများနဲ့သာ သက်ဆိုင်မှာဖြစ်ပါတယ်။ ဖိအားကိုတိုးခဲ့မယ်ဆိုရင် ထုထည်ကျုံ့စေမှာဖြစ်ပြီး ထုထည်နည်းတဲ့ ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်ပေါ်မှာ ဖြစ်ပါတယ်။ ဖိအားလျော့ခဲ့ရင် ထုထည်များတဲ့ဘက်ကို ဦးတည်စေမှာဖြစ်ပါတယ်။ Reactant နဲ့ product တွေရဲ့ ထုထည်တူညီခဲ့ရင်တော့ ဖိအားသက်ရောက်မှုမရှိနိုင်ပါဘူး။ မျှခြေအခြေအနေမှာရှိနေတဲ့ ဓာတ်ပြုခြင်းတစ်ခုမှာ temperature ကို တိုးလိုက်တဲ့အခါ အပူစုပ်ဓာတ်ပြုခြင်းကိုဦးစားပေးပြီး မျှခြေဟာ ပြောင်းလဲသွားပါတယ်။ အပူချိန်လျော့ရင်တော့ အပူထုတ်ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်စေကြောင်း သိရှိနားလည်ရမှာဖြစ်ပါတယ်။

Le Chatelier's Principle ကို စက်မှုလုပ်ငန်းတွေမှာ တွင်ကျယ်စွာ အသုံးပြုနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ammonia နှင့် methanol production တွေမှာအသုံးပြုတာကို လေ့လာနိုင်ပါတယ်။ Chemical equilibrium တစ်ခုရဲ့ မျှခြေကိန်းသေ Keq ကို molar concentration အားဖြင့် Kc နှင့် gaseous equilibrium အတွက် Kp စသဖြင့် ဖော်ပြနိုင်ကြောင်း သိရှိထားရမှာဖြစ်ပါတယ်။

Chapter (5) ကတော့ Acid–Base Reactions ဖြစ်ပါတယ်။ Acids and bases theories: **Arrhenius Theory** သည် H+ ions နှင့် OH– ions များကိုအခြေခံ၍ acid–base ကိုအဓိပ္ပာယ်သတ်မှတ်ထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ Strong acid နဲ့ weak acid ရဲ့ dissociation equation ကို မှန်ကန်စွာ ရေးသားဖော်ပြတတ်ရမှာ ဖြစ်ပါတယ်။ **BrØnsted and Lowry Theory** အရဆိုလျှင် proton သို့မဟုတ် H+ ion ပေးနိုင်မှု၊ လက်ခံနိုင်မှုကိုအခြေခံ၍ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ The concept of conjugated acid–base pairs ကို သင့်တော်သောဥပမာများနှင့် ရှင်းလင်းတတ်ရန် လိုပါတယ်။ Lewis acid–base theory ကို သင့်တော်သောဥပမာနှင့်တကွ ရှင်းလင်းဖော်ပြတတ်ရမှာ ဖြစ်ပါတယ်။ **Lewis acid–base theory** မှာတော့ acid–base အဓိပ္ပာယ်ကို မော်လီကျူး သို့မဟုတ် ions ပေါ်ရှိ e^- pair လက်ခံနိုင်မှုနှင့် ထုတ်ပေးနိုင်မှုတို့ဖြင့် အဓိပ္ပာယ်သတ်မှတ်ပေးထားပါတယ်။ သင့်တော်သောဥပမာများနှင့် ရှင်းလင်းတင်ပြနိုင်ရမှာ ဖြစ်ပါတယ်။ Autoionisation of water နဲ့ acid–base property of water တို့ကို ရှင်းလင်းစွာ သိရှိထားရမှာဖြစ်ပါတယ်။

ရေမော်လီကျူး၏ acid–base ပြုမူပုံများ၊ ရေပြိုကွဲမှုဖြစ်စဉ်၊ The ionic product of water constant (Kw) တွက်ထုတ်ခြင်း၊ pH and pOH relationship နှင့် pH scale တို့ကိုလည်း နားလည်သိရှိရမှာ ဖြစ်ပါတယ်။ ထို့နောက် acid ပျော်ရည်၊ base ပျော်ရည်တို့၏ ionisation အကြောင်းကိုလေ့လာမည်ဆိုပါက basicity of an acid နဲ့ acidity of a base သဘောတရားများကို ဥပမာများနှင့်တကွ ရှင်းလင်းတင်ပြနိုင်ဖို့ လိုအပ်ပါတယ်။ Acid ပြိုကွဲလျှင် ပြိုကွဲခြင်းကိန်းသေ Ka နှင့် acid ပြင်းအားဆက်သွယ်မှုတို့ကိုလည်း အလွယ်တကူနားလည်သိရှိဖို့ လိုအပ်ပါတယ်။ အလားတူ base ပြိုကွဲခြင်းကိုလည်း acid ပြိုကွဲခြင်းကဲ့သို့ လေ့လာသိရှိထားရမှာ ဖြစ်ပါတယ်။

ဆားအမျိုးအစား ၄ မျိုးတို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုးမတူညီရတဲ့အကြောင်းရင်းတွေကို ဆားနမူနာများနဲ့ အကျိုးအကြောင်းဆက်စပ်ဖြေဆိုတတ်ဖို့ လိုအပ်ပါတယ်။ Buffer ပျော်ရည်ဆိုတာက weak acid နှင့် ၎င်း၏ဆားပျော်ရည် သို့မဟုတ် weak base နှင့် ၎င်း၏ဆားပျော်ရည်တို့ပါဝင်သော ပျော်ရည်အမျိုးအစား ဖြစ်ပါတယ်။ ထိုပျော်ရည်များ၏ဂုဏ်သတ္တိသည် dilution လုပ်ခြင်း၊ acid သို့မဟုတ် base အနည်းငယ်ထပ်ထည့်ခြင်းဖြင့် pH ပြောင်းလဲမှုကိုဟန့်တားနိုင်စေပါတယ်။ ၎င်းနှင့်ပတ်သက်သော တွက်ချက်မှုများ PROBLEM SOLVING ကိုလည်း ပြင်ဆင်ထားစေလိုပါတယ်။

Chapter 6 ကတော့ **Transition Elements** တွေကို လေ့လာမှာဖြစ်ပါတယ်။ IUPAC definition အရ *d*–orbitals or subshells များတွင် ဧ အပြည့်ဖြည့်ဝင်ထားခြင်းမရှိသော ဒြပ်စင်အက်တမ်နှင့် ဓာတ်ဖို့အိုင်ယွန်းများကို ကြားဆက်ဒြပ်စင်များ (transition elements) ဟု သတ်မှတ်နိုင်ပါတယ်။ Transition elements တွေကို *s*–block နှင့် *p*–block ကြားတွင်တွေ့ရှိရပြီး *d*–block elements ဟုလည်း ခေါ်ဆိုပါတယ်။ အလှည့်ကျဇယားတွင် transition elements များကို Series ၃ ခု ခွဲထားသည့်အနက် 1st Series ကို လေ့လာသွားမှာဖြစ်ပါတယ်။ 1st Series ($_{21}Sc - _{30}Zn$) တွင် transition elements ၁၀ ခု ပါဝင်ပါတယ်။ $_{21}Sc$ to $_{29}Cu$ သို့သွားရာတွင် ၎င်းတို့၏ nuclear charge သည် များလာပြီး atomic radii ဟာ ယေဘုယျအားဖြင့် ငယ်သွားတာကို တွေ့ရပါမယ်။ ဒါကြောင့် ionisation energy လည်း ယေဘုယျအားဖြင့် များလာပါတယ်။

Orbital တစ်ခုစီတွင် ဧ များ ဖြည့်ဝင်ပုံမှန်ကန်စွာဖြည့်တတ်စေလိုပါတယ်။ essential electronic structures များရေးသားတတ်ရပါမည်။ ခြွင်းချက်အနေနှင့် 3*d* နှင့် 4*s* orbital တို့ဟာ energy တူညီလုနီးပါးရှိတာကြောင့် $_{24}Cr$ နှင့် $_{29}Cu$ မှာ 3*d* orbital ရဲ့ ပိုမိုတည်မြဲတဲ့ electron configuration ကိုရရှိရန် 4*s* မှ ဧ ကို ဖြည့်ဝင်ထားကြောင်း သိရှိဖို့လိုပါတယ်။ ယင်းတို့၏ သိရှိထားရမှာဖြစ်ပါတယ်။

Transition metals တွေရဲ့ physical properties ဖြစ်တဲ့ melting point နဲ့ boiling point တွေမြင့်တက်ပြီး density လည်း များလာတာကို သိရှိနားလည်ဖို့လိုပါတယ်။ 1st series မှာရှိတဲ့ ဒြပ်စင်တွေရဲ့ variable oxidation states ရှိနေတာကိုလည်း သိရှိရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဒြပ်စင်များရဲ့ တည်မြဲတဲ့ oxidation state အပေါ်မူတည်ပြီး ယင်းတို့၏ oxidising property နှင့် reducing property တွေကိုသိရှိလာမှာဖြစ်ပါတယ်။ Transition metal compounds တွေဟာ aqueous solution ထဲမှာ visible light ကို စုပ်ယူပြီး coloured compounds ဖြစ်လာခြင်းကို သက်ဆိုင်ရာ compound နဲ့ အရောင်တို့ကို တွဲဖက်လေ့လာသိရှိထားရမှာဖြစ်ပါတယ်။ Transition metals တွေရဲ့ magnetic property ကိုလေ့လာနိုင်စေရန် paramagnetic, diamagnetic and ferromagnetic ဆိုပြီး (၃) မျိုး တင်ပြထားပါတယ်။ ထို (၃) မျိုးမှာ orbital တွင် ဧ ဖြည့်ရာ၌ ဧ စုံဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်မူတည်၍ paramagnetic နဲ့ diamagnetic ကိုခွဲခြားနိုင်သလို applied magnetic field ဆွဲအားအပေါ်မူတည်၍ ferromagnetic property တို့ကိုလည်း နားလည်ထားရမှာ ဖြစ်ပါတယ်။ 1st Series 3*d* transition elements တွေဟာ စက်မှုလုပ်ငန်းများတွင် catalysts အနေနှင့် အသုံးဝင်ပုံ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုပုံနှင့် ဆေးပညာနယ်ပယ်တွင် အသုံးပြုခြင်းတွေကိုလည်း သိရှိနားလည်ဖို့ လိုအပ်ပါတယ်။

Chapter 7 Chemistry and Green Environment ကတော့ လူသားတွေရဲ့ တိုးတက်လာတဲ့နည်းပညာများနဲ့ ယင်းတို့ရဲ့ လုပ်ဆောင်မှုတွေဟာ ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအမျိုးစုံဖြစ်ပေါ်နေပြီး ကမ္ဘာ၏လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှုဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါ့ကြောင့် ယခုအခန်းမှာ carbon, nitrogen, phosphorus နှင့် sulphur တွေရဲ့ biogeochemical cycles များကို သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ ၎င်း cycles များအပေါ် human activities တွေရဲ့သက်ရောက်မှုများကို နားလည်ထားဖို့ လိုအပ်ပါတယ်။ ယခုတွေ့ကြုံနေရတဲ့ environmental problems တွေကိုလည်း သိရှိထားဖို့ လိုပါတယ်။


စာမျက်နှာ ၂၆ သို့ ◆

◆ **စာမျက်နှာ ၂၅ မှအဆက်**

ပတ်ဝန်းကျင်မှာတွေ့ကြုံနေရတဲ့ ပြဿနာတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေနဲ့ အမြဲစိမ်းလန်းရှင်သန်နေတဲ့ ပတ်ဝန်းကျင်ဖြစ်ပေါ်စေဖို့ ဆောင်ရွက်လိုက်နာသင့်တဲ့ လေ့ကျင့်မှုတွေနဲ့ 7R's တို့ကို သေချာစွာသိရှိနားလည်ဖို့ လိုအပ်ပါတယ်။ အန္တရာယ်ရှိတဲ့ စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ heavy metals နဲ့ ယင်းတို့ရဲ့ဒြပ်ပေါင်းတွေဟာ လူသားတို့၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှု ညစ်ညမ်းစေသောဓာတ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုတို့ကိုလည်း heavy metals (arsenic, cadmium, lead, and mercury) နှင့် ထိုသတ္တုများ၏ ဒြပ်ပေါင်းများရှုထောင့်မှ ဖော်ပြပေးထားပါတယ်။ ဒါ့အပြင် ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နေမှုများ၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သော အော်ဂဲနစ်ဓာတ်ကြွင်းများဖြစ်တဲ့ POPs နဲ့ VOCs တို့က လူသားတွေရဲ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ၎င်းတို့၏ သက်ရောက်မှုများကို သိရှိနားလည်ဖို့လိုပါတယ်။

Natural and man-made sources တွေကနေထွက်ပေါ်လာသော radiation တွေနဲ့ လူမှုပတ်ဝန်းကျင်ရှိ radioactive isotopes တွေရဲ့ အသုံးဝင်ပုံ၊ radioactive wastes and radioactivity, radioactive pollutants and pollution တွေနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် radioactive substances တွေကြောင့်ဖြစ်လာတဲ့ health problems တွေကို လေ့လာသိရှိထားဖို့လိုပါတယ်။ Nuclear power and nuclear weapons အကြောင်းနဲ့ ရေဒီယိုသတ္တိကြွပစ္စည်းများကြောင့် လူနှင့်ပတ်ဝန်းကျင်ထိခိုက်မှုများကိုလည်း လေ့လာထားဖို့လိုပါတယ်။ စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုခြင်းများကိုလည်း လေ့လာထားစေလိုပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည်များကို လျော့ချမှု၊ ကုစားမှုနည်းလမ်းကောင်းများကိုလည်း ယနေ့ခေတ်သုတေသနပြုဆောင်ရွက်လျက်ရှိပါတယ်။

အခန်း (၈) ကတော့ **Organic Compounds and Macromolecules** ဖြစ်ပါတယ်။ ဒီအခန်းမှာ organic compounds တွေဖြစ်တဲ့ ethers, aldehydes, ketones, carboxylic acids, esters, amines နဲ့ amides တွေရဲ့ အမည်ပေးစနစ် (nomenclature) နဲ့ preparations, properties and uses တို့ကို သေချာစွာ လေ့လာသိရှိထားရမှာဖြစ်ပါတယ်။ Ethanol မှအစပြု၍ organic reactions အားလုံးအတွက် အနှစ်ချုပ်ကို ဖော်ပြပေးထားပါတယ်။



ဆက်လက်ပြီး organic compounds တွေရဲ့ functional groups တွေကို chemical test နဲ့ ခွဲခြားတဲ့ reactions များကို ဇယားနဲ့ ဖော်ပြပေးထားပါတယ်။ Functional groups ကို ခွဲခြားဆုံးဖြတ်နိုင်တဲ့ chemical test equations တွေကို ရေးသားတတ်ဖို့လိုပါတယ်။ ဥပမာအနေနဲ့ aldehyde နဲ့ ketone တို့ကို ခွဲခြားစမ်းသပ်နိုင်တဲ့ equations များကို ဖော်ပြပေးထားပါတယ်။

Organic compounds တွေရဲ့ functional groups တွေကို ခွဲခြားနိုင်တဲ့ spectroscopic method ကို လေ့လာဖို့အတွက် ပထမဦးစွာ electromagnetic radiation ကို လေ့လာသိရှိထားရမှာဖြစ်ပါတယ်။ Electromagnetic radiation ရဲ့ wavelength, frequency တို့နဲ့ energy ဆက်သွယ်ချက်ကိုလည်း သိရှိနားလည်ဖို့လိုအပ်ပါတယ်။ Organic compounds တွေရဲ့ functional groups ကို spectroscopic techniques အမျိုးမျိုးနဲ့ ရှာဖွေနိုင်ပါတယ်။ အဲဒီထဲက infrared spectroscopy ကို လေ့လာရမှာဖြစ်ပါတယ်။ ဆက်လက်ပြီး IR spectroscopy ရဲ့ principle ကို နားလည်သိရှိဖို့လိုအပ်ပါတယ်။ Molecules နဲ့ IR radiation တို့ interaction ဖြစ်တဲ့အခါ molecules က IR radiation ရဲ့ energy ကိုစုပ်ယူပြီး molecular vibration ဖြစ်ပေါ်စေပါတယ်။ ဖြစ်ပေါ်လာတဲ့ vibrational frequency က atom နှစ်ခုကြားမှာရှိတဲ့ bond strength နဲ့ masses အပေါ်မူတည်ပြီး ပြောင်းလဲနေပါတယ်။ စုပ်ယူလိုက်တဲ့ frequency က molecule မှာရှိတဲ့ ဓာတ်စည်း သို့မဟုတ် groups တွေပေါ်မူတည်ပြီး ဖြစ်ပေါ်တဲ့အတွက် frequency တန်ဖိုးကိုသိရင် functional groups တွေကို ရှာဖွေနိုင်မှာဖြစ်ပါတယ်။

Molecules တွေရဲ့ IR active နဲ့ IR inactive ကိုလည်း နားလည်ရမှာဖြစ်ပါတယ်။ Molecules တွေ dipole moment changes ရှိမှသာ IR active ဖြစ်ပြီး dipole moment changes မရှိခဲ့ရင်တော့ IR inactive ဖြစ်ပါတယ်။ ဥပမာ N_2 molecule ဟာ dipole moment changes မရှိတဲ့အတွက် IR inactive ဖြစ်ပါတယ်။ CO molecule ကတော့ dipole moment changes ရှိတဲ့အတွက် IR active ဖြစ်ပါတယ်။

Propanone ရဲ့ IR spectrum ကို လေ့လာတဲ့အခါ C–H နဲ့ C=O တို့ရဲ့ absorption band တွေကို 2980 cm^{-1} နဲ့ 1700 cm^{-1} တို့မှာ တွေ့ရှိနိုင်ပါတယ်။ IR spectrum တွေကို လေ့လာရာမှာ ယခုဖော်ပြထားတဲ့ characteristic absorption band နဲ့ band intensity ကို အောက်ဖော်ပြပါဇယားမှာ လေ့လာသိရှိနိုင်ပါတယ်။

Table 10 Some Characteristic Infrared Absorption Bands and their Intensities

Classes of compounds	Bond	Wavenumber (cm^{-1})	Band intensity
alcohols, ethers, esters, carboxylic acids	C-O	1050-1410	strong
alkenes, aromatic compounds	C=C	1620-1680	medium, weak
amides, ketones, aldehydes, esters, carboxylic acids	C=O	1650-1750	strong, sharp
alkynes	C≡C	2100-2260	medium, weak
carboxylic acids	O-H	2500-3300	strong, very broad
aldehydes	C-H	2720-2820	medium, weak
alkanes, alkenes	C-H	2850-3090	strong
alcohols	O-H	3200-3600	strong
amines, amides	N-H	3300-3500	weak, median

ဥပမာအားဖြင့် ethanol, ethanoic acid, ethanamine တို့ရဲ့ infrared spectra တွေကို လေ့လာမယ်ဆိုရင် 3400 cm^{-1}, 2950 cm^{-1} တို့မှာ OH နဲ့ CH stretching vibration ကို တွေ့နိုင်ပါတယ်။ 3200 cm^{-1} မှာ acid OH stretching, 2950 cm^{-1} မှာ CH stretching, 1700 cm^{-1} မှာ C=O stretching တို့ကို တွေ့ရှိမှာဖြစ်ပါတယ်။ Ethanamine ရဲ့ IR spectrum မှာ 3400 cm^{-1} မှာ NH stretching, 2900 cm^{-1} မှာ CH stretching တို့ကိုတွေ့ရှိရမှာဖြစ်ပါတယ်။ OH, C=O ကဲ့သို့ bond polarity မြင့်လျှင် absorption band ရဲ့ intensity လည်းများမှာဖြစ်ပါတယ်။ Hydrogen bond ဖြစ်ပေါ်မှုကြောင့် bond polarity များပြီး absorption band ရဲ့ intensity လည်းမြင့်လာတယ်။ Peak ကလည်း broad ဖြစ်မှာဖြစ်ပါတယ်။

Macromolecules မှာတော့ natural and synthetic polymers တွေရဲ့ examples တွေကို သိရှိရမှာဖြစ်ပါတယ်။ Monomers များပေါင်းစပ်ပြီး polymerisation ဖြစ်ပေါ်လာပုံကိုလည်း ဖော်ပြပေးထားပါတယ်။ Polymerisation process မှာ addition polymerisation process ကို သိရှိနားလည်ရမှာဖြစ်ပါတယ်။ Addition polymers တွေရဲ့ ဂုဏ်သတ္တိများနှင့် အသုံးဝင်မှုတွေကိုလည်း သိရှိထားရမှာဖြစ်ပါတယ်။ Condensation polymerisation မှာ monomers တွေက အမျိုးမတူတဲ့ functional groups နှစ်မျိုးပါဝင်ပြီး polymerisation ဖြစ်ပြီးတဲ့အခါ repeated linkage ကိုလည်း သိရှိနားလည်ရမှာဖြစ်ပါတယ်။ အသုံးဝင်ပုံနှင့် ဂုဏ်သတ္တိများကိုလည်း မှတ်သားသိရှိရမှာဖြစ်ပါတယ်။

Plastics and environment မှာတော့ ပလတ်စတစ်အသုံးပြုခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ ပြဿနာများ၊ ၎င်းတို့ကို လျော့ကျစေဖို့အတွက် recycling plastics နဲ့ degradable plastics တို့ကို ထုတ်လုပ်သုံးစွဲပြီး ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့ချဖြေရှင်းနိုင်မည့်နည်းလမ်းများကို သိရှိထားဖို့လိုအပ်ပါတယ်။ Recycling symbols များကို နားလည်သိရှိဖို့လိုပါတယ်။ Chapter တိုင်းမှာ ပေးထားတဲ့ review questions များ၊ exercises များနှင့် problems များကိုလည်း သေသေချာချာလေ့လာထားဖို့လိုအပ်ပါတယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒမေးခွန်းပုံစံမှာ Section A နဲ့ Section B ဆိုပြီး အပိုင်း ၂ ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ Section A မှာ Objective types တွေဖြစ်တဲ့ TRUE/ FALSE, Fill in the blanks, Matching နဲ့ Multiple choice questions (MCQs) တို့ရှိတဲ့ထဲက ယခုနှစ်မှာ TRUE/ FALSE, Fill in the blanks နဲ့ Multiple choice questions (MCQs) တို့ကို နံပါတ် ၁ ကနေ နံပါတ် ၃၃ အထိ ၁ မှတ်တန် မေးခွန်း ၁၀ ပုဒ်စီ မေးထားပါမယ်။ စုစုပေါင်း ၃၀ မှတ်ဖိုးဖြေဆိုရပါမယ်။ ကျောင်းသား၊ ကျောင်းသူများရဲ့ ဓာတုဗေဒဘာသာရပ်ကို မည်မျှကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာထားတာကို စိစစ်တဲ့မေးခွန်းများဖြစ်ပြီး အခန်းအားလုံးနှင့် သက်ဆိုင်တဲ့ မေးခွန်းများဖြစ်ပါတယ်။

Section A မေးခွန်းနံပါတ် ၁ က **TRUE /FALSE** (မှန်/မှား) ရွေးချယ်စေတဲ့မေးခွန်းမှာ T သို့မဟုတ် F လို့ မရေးဘဲ TRUE သို့မဟုတ် FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၂ **Fill in the blanks** ဖြေဆိုရာမှာ မေးခွန်းပြန်ကူးစရာမလိုဘဲ ကွက်လပ်တွင်ဖြည့်ရမည့်အဖြေမှန်ကိုသာ မှန်ကန်စွာရေးသားဖြေဆိုရမှာဖြစ်ပါတယ်။ စာလုံးပေါင်းမှန်ရမည့်အပြင် အဖြေပြည့်စုံရပါမယ်။ မေးခွန်းနံပါတ် ၃ **Multiple choice questions** (MCQs) တွင် ဖော်ပြချက် ၄ ခုမှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရမှာဖြစ်ပါတယ်။ အဖြေမှန်တစ်ခုရွေးချယ်ရာတွင် ပေးထားသော**အက္ခရာ A, B, C, D** မှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရေးပေးရန်ဖြစ်ပါတယ်။ မေးခွန်းစာသားကို ပြန်ကူးရေးရန်မလိုပါ။ အဖြေမှန်တစ်ခုထက် ပိုရေးမိလျှင် အမှတ်မရရှိနိုင်ပါ။

Section B မေးခွန်းနံပါတ် ၄ မှာ ၅ မှတ်တန် **Short and medium questions** ပုဒ်ခွဲ ၅ ပုဒ် ပါဝင်မှာဖြစ်ပါတယ်။ ပုဒ်ခွဲ ၅ ပုဒ်စလုံးကို ဖြေဆိုရမှာဖြစ်ပါတယ်။ ၅ ပုဒ်ထဲက **environmental** အခန်းကို ပုဒ်ခွဲတစ်ခုမှာ **OR** ခံမေးမှာဖြစ်ပါတယ်။ ဒါကြောင့် ၃၀ မှတ်ဖိုးထဲမှ ၂၅ မှတ်ဖိုးဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅၊ ၆၊ ၇ မှာ ၅ မှတ်တန် **Structured, short and long questions** သုံးပုဒ်စီမေးမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅ မှာတော့ **physical chemistry** အပိုင်းကို **OR** ခံမေးမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုးဖြေရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၆ ၏ပုဒ်ခွဲတစ်ပုဒ်မှာ **organic chemistry** အပိုင်းကို **OR** ခံမေးမှာဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုးဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၇ ပုဒ်ခွဲတစ်ခုသည် **inorganic chemistry** အပိုင်းကို **OR** ခံမေးထားခြင်းဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုးဖြေရမှာဖြစ်ပါတယ်။ ဒါကြောင့် Section B မှာ စုစုပေါင်းအမှတ် ၉၀ ဖိုးမှ အမှတ် ၇၀ ဖိုးဖြေဆိုရမှာဖြစ်ပါတယ်။ Section A နှင့် Section B မှာမေးတဲ့ မေးခွန်းအားလုံးဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တာဖြစ်လို့ အခန်း ၈ ခန်းလုံးကို သေသေချာချာဖတ်ရှုလေ့လာထားရမှာဖြစ်ပါတယ်။

အခု Chapter တစ်ခုချင်းအလိုက် လေ့လာမှတ်သားရမယ့် အကြောင်းအရာတွေနဲ့ သတိပြုရမယ့်အချက်တွေကို အသေးစိတ်ဆွေးနွေးပြီးဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာမှတ်သားသင့်တယ်ဆိုတာ သဘောပေါက်ပြီထင်ပါတယ်။ ဒါကြောင့် chapter တစ်ခုချင်း အသေးစိတ်သေချာစွာလေ့လာဖို့၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ ပုစ္ဆာတွေ၊ မေးခွန်းတွေကိုပါ လေ့ကျင့်ထားဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို ပြည့်စုံအောင်ရေးဖို့၊ သက်ဆိုင်ရာမေးခွန်းနံပါတ်ကို ဖြေဆိုရာမှာ မှန်ကန်စွာဖော်ပြရေးသားဖို့ သတိပြုရပါမယ်။ အမှတ်များများလိုချင်ရင် ယခုနှစ်အတွက် ပြဋ္ဌာန်းထားတဲ့ အခန်း ၈ ခန်းလုံးကို စေ့စပ်သေချာစွာ သိထားဖို့လိုပါတယ်။ ဆရာ၊ ဆရာမများရဲ့ သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကိုပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၂၅ ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။ ။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၁ ဦး လက်နက်/ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ဆေးသို့ဖေဖော်ဝါရီလ ၂၃ ရက်ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ကလေးခရိုင်၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ တပ်ရင်း(၉)မှ တပ်စိတ်မှူးအဆင့်ရှိသူ ဖိုးသကြိန်(ခ) တန်ခူး(ဘ)ဦးချစ်ဖေသည်ငင်းကိုင်ဆောင်သည့် Type-81 သေနတ် ၁ လက်၊ ငင်းကျည် ၁၅၅ တောင့်၊ ကျည်အိမ် ၃ ခု၊ လက်ပစ်ဗုံး ၁ လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြောင်း သိရှိရသည်။

